# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၁၃ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၂)၊ အမှတ်(၇၄)


## ဒီမိုကရေစီနိုင်ငံတော်ကို တစ်ခဏချင်း ဖန်ဆင်းယူ၍မရ

❐ ဒီမိုကရေစီနိုင်ငံတော်ဆိုသည်မှာ တစ်ခဏချင်း ဖန်ဆင်းယူ၍ မရဘဲ လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများ ပြည့်စုံခိုင်မာ ရင့်သန်လာမှသာလျှင် ယင်းအခြေခံများ၏ အကြောင်းတရားဖြင့် အဆင့်ဆင့် တိုးတက်ဖြစ်ထွန်းလာရစမြဲ ဓမ္မတာပင်ဖြစ်။





# ပြည့်စုံခိုင်မာသောအနာဂတ်နိုင်ငံတော်သစ်ကြီးကို တစ်မျိုးသားလုံးလက်တွဲကြိုးပမ်းတည်ဆောက်နေ မျိုးဆက်သစ်လူငယ်များ အမျိုးသားရေးအသိအမြင် နိုးကြားထက်သန်စေရန်လေ့ကျင့်ပျိုးထောင် အမျိုးသားရေးအကျိုးစီးပွားဖော်ဆောင်မြှင့်တင်မှုဦးတည်သည့်ပညာရေးစနစ်ဖြစ်ထွန်းရေးဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁၂

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဇဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ်(၆)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဇဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နဝရတ်ခန်းမဥ္စကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

*စာမျက်နှာ ၃ ကော်လံ ၁* ✡

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အမျိုးသားရေးအကျိုးစီးပွားကို အခါမလပ်စောင့်ရှောက်မြှင့်တင်

❐ ပြည့်စုံခိုင်မာပြီး အစွန့်ရှည်တည်တံ့ခိုင်မြဲသည့် အနာဂတ်နိုင်ငံတော်ကြီးကို မျှော်တွေးပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ရေးအတွက် အစီအစဉ်တကျ အကောင်အထည်ဖော်၊

❐ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အဆင့်တိုင်း၊ အဆင့်တိုင်းမှာ ပြည့်ပြည့်ဝဝ အောင်မြင်ဖြစ်ထွန်းစေရအောင် မိမိတို့ ကျရာကဏ္ဍက တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်၊

❐ လူငယ်ဆိုသည်မှာ အနာဂတ်ကို မျှော်မှန်းတွေးဆရှုမြင်နိုင်သည့် စွမ်းအားရှိသကဲ့သို့ မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေး ဂုဏ်သိက္ခာ၊ အမျိုးသားရေးအကျိုးစီးပွားတို့ကို ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်လည်း ပင်ကိုအားဖြင့် ရှိထားပြီးဖြစ်၊

❐ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအားလုံးက မိမိတို့၏ တပည့်မျိုးဆက်သစ်လူငယ်များကို လျင်မြန်စွာတိုးတက်ပြောင်းလဲနေသော ကမ္ဘာကြီးတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းပြီး မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေး အကျိုးစီးပွားကို အခါမလပ်စောင့်ရှောက်မြှင့်တင်ပေး။

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

# တည်ငြိမ်အေးချမ်းသည့် ကမ္ဘာကြီးဖြစ်လာစေရန် မြတ်ဗုဒ္ဓ၏ မေတ္တာစာတ်နှင့်သည်းခံမှုတို့ လွှမ်းခြုံ

ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားစည်ပင်နေသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ရန်ကုန်မြို့ သမိုင်းဝင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံကြီးကို ဒီဇင်ဘာလ ၉ ရက်မှ ၁၁ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပခဲ့သည်။

ဗုဒ္ဓသာသနာတော် သမိုင်းဝင်၊ သမိုင်းတွင်မည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ ထင်ရှား သော ဗုဒ္ဓဘာသာခေါင်းဆောင်များနှင့် နိုင်ငံခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည့်အပြင် နိုင်ငံပေါင်း ၃၈နိုင်ငံမှ ကိုယ်စားလှယ် သံဃာတော်များနှင့် လေ့လာသူဦးရေ ၆၀၀ ခန့်၊ မြန်မာ ရဟန်းသံဃာတော် ၆၀၀ ကျော်နှင့် လေ့လာကြည့်ရှုသူများအပါအဝင် နေ့စဉ်အင်အား ၂၀၀၀ ကျော် တစ်ခဲနက်တက်ရောက် ခဲ့ကြသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို မြန်မာနိုင်ငံတွင် အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့သဖြင့် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားအားလုံး အလွန်ဝမ်းသာကြည်နူး ကုသိုလ်ထူးများ ရရှိခဲ့ကြသည်။ ယင်းသို့ အောင်မြင်ခဲ့ခြင်းသည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အဆုံးအမနှင့်အညီ သည်းခံခွင့်လွှတ်ခြင်း၊ မေတ္တာ၊ ကရုဏာထားခြင်းနှင့် အကောင်းမြင်ခြင်းတို့ကို တက်ရောက် လာသော ကိုယ်စားလှယ်များက တညီတညွတ်တည်း လက်ကိုင်ထားနိုင်ခဲ့ကြ၍ ဖြစ်ပေသည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်ခမ်းနားထည်ဝါစွာ ကျင်းပခဲ့သည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အောင်မြင်စွာပိတ်သိမ်းခြင်း အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ကြည့်ရှုပြီး ကျေးဇူးတင်စကား ပြောကြားရာ၌–

**“မြတ်ဗုဒ္ဓရဲ့ အဆုံးအမများဟာ လူသားတွေရဲ့ ပူလောင်စွာခံစားနေရတဲ့ စိတ်ပိုင်းဆိုင်ရာ ဒုက္ခဝေဒနာများကို ကုစားနိုင်သကဲ့သို့ ကမ္ဘာပေါ်မှာ ကာယကံနှင့် ဝစီကံများယှဉ်ပြီး ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်အနိုင်ကျင့်မှုတွေ၊ လက်နက်ကိုင်တိုက်ခိုက်နေကြတဲ့စစ်ပွဲတွေ၊ ဆင်းရဲချမ်းသာ ကွာဟမှုတွေ၊ ကြီးနိုင်ငယ်ညှဉ်းမှုတွေကိုလဲ အမှန်တကယ် လျော့နည်းပပျောက်စေမှာ ဖြစ်ပါတယ်”**

ဟု ပြောကြားထားခဲ့သည်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသည် မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ မေတ္တာ၊ ကရုဏာ တရားများထင်ဟပ်ရာ အစည်းအဝေးကြီး ဖြစ်သည်။ ထို့ပြင်သာမက မြတ်ဗုဒ္ဓ၏ ဩဝါဒတရားများမှတစ်ဆင့် လူသားများ၏ နှလုံးစိတ်ဝမ်းအေးချမ်းရေး၊ ငြိမ်းချမ်းသာယာသောကမ္ဘာကြီး ဖြစ်ပေါ်ရေးအတွက် ဖော်ဆောင် ပေးမည့် ညီလာခံကြီးလည်း ဖြစ်ပေသည်။

နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များက ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးတွင် ညီညီညွတ်ညွတ် တက်ရောက်ပြီး မြတ်ဗုဒ္ဓ၏ စစ်မှန်သော တရားဒေသနာတော်များကို မိန့်ခွန်းပြောကြားခြင်း၊ စာတမ်း ဖတ်ကြားခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းတို့ကို စိတ်အားထက်သန်စွာ ပါဝင် ဆောင်ရွက်ခဲ့ကြသည်။

ဗုဒ္ဓတရားတော်များ တညီတညွတ်တည်း လွှမ်းခြုံစေခဲ့ရာ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးမှ တစ်ဆင့် မေတ္တာစာတ်များလွှမ်းခြုံသည့် ဗုဒ္ဓ၏တရားတော်များ ကမ္ဘာအနှံ့ ပျံ့နှံ့ကာ ယနေ့ကမ္ဘာတွင် ရင်ဆိုင်ကြုံတွေ့နေရသော ဒုက္ခအန္တရာယ်အပေါင်းမှ ကင်းဝေးအောင် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော် အဓွန့်ရှည်တည်တံ့လာခဲ့သော ဗုဒ္ဓသာသနာတော်ကြီး ယနေ့ မျက်မှောက်ကာလတိုင် ရှင်သန်ထွန်းလင်းတောက်ပ ပြန့်ပွားနေဆဲဖြစ်သည်ကို အောင်မြင်ခမ်းနား သိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးက ကမ္ဘာသို့ ပြသနိုင်ခဲ့ပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး အတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲပူးပေါင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်( ၇ )ရပ်အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေးစီမံကိန်း မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၂

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူ များလိုက်ပါ၍ ဒီဇင်ဘာ ၁၀ရက်နံနက်ပိုင်းက ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်း၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း များ ဆောင်ရွက်ပြီးစီးမှုနှင့် စမ်းသပ်လည်ပတ်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းမှ တာဝန်ရှိသူများအား လိုအပ်ချက်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

### ရှင်းလင်းပြသ

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက် အတွင်းရေးမှူး ဦးအောင်စိုးနှင့် တာဝန်ရှိသူများက ရေဆိုးမှ ရေသန့်သို့ စက်ပစ္စည်း ကိရိယာများဖြင့် ပြောင်းလဲပုံအဆင့် ဆင့်တို့ကို လိုက်လံ ရှင်းလင်းပြသ ကြသည်။

### မှာကြား

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းလုပ်ငန်း တာဝန်ရှိသူများ၊ အကြံပေးပညာရှင် များနှင့် တွေ့ဆုံပြီး ယခုတည်ဆောက် လျက်ရှိသည့် ရေဆိုးသန့်စင်စက်ရုံ သည် မြန်မာနိုင်ငံ၌ ပထမဦးဆုံး တည်ဆောက်သည့် ရေဆိုးသန့်စင် စက်ရုံဖြစ်ရာ လုပ်ငန်း တာဝန်ရှိသူ များက အကောင်းဆုံးဖြစ်ရန် ကြိုးပမ်း လုပ်ဆောင်ရန်မှာကြားပြီး တာဝန်ရှိ သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင် ရွက်ပေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်က တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းပင်လုံခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး အမှာစကား ပြောကြားစဉ်။** (၁၁၅)



## မြဝတီရုပ်မြင်သံကြား

**၁၃-၁၂-၂၀၀၄ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် အင်္ဂလိပ်ဘာသာ(အရှေ့တိုင်း၊ မြန်မာစာ၊ ဒဿနိက၊ ရူပအထူးပြု) (ပထမနှစ်)
- ၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပင်လယ်ကြီးလောက် ချစ်တယ်”**(အပိုင်း-၂၃)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မြန်မာ့ရှုခင်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပညာဉာဏ်ကြီး ဘုန်းမီးနေလ”**(အပိုင်း-၃)

# စိန်ခေါ်မှုအမျိုးမျိုးကိုရင်ဆိုင်ဖြေရှင်းပြီး နိုင်ငံနှင့်လူမျိုး၏ အကျိုးစီးပွားကို အခါမလပ်စောင့်ရှောက် ကဏ္ဍစုံတွင် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ၏ စွမ်းအားဖြင့် အသိအမြင်၊ ဗဟုသုတပြည့်စုံခိုင်မာရေးပျိုးထောင်

✡ ရှေ့ဖုံးမှ

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းတည်ဆောက်ရင်း တစ်ချိန်တည်းမှာပင် ပြည်သူများလိုလားတောင့်တနေကြသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် တိကျခိုင်မာသည့် အခြေခံအကျဆုံးသော ခြေလှမ်းများကို စတင်လျှောက်လှမ်းနေပြီဖြစ်ကြောင်း။



မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒီမိုကရေစီနိုင်ငံတော်ဆိုသည်မှာ တစ်ခဏချင်း ဖန်ဆင်းယူ၍မရဘဲ လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများပြည့်စုံခိုင်မာ ရင့်သန်လာမှသာလျှင် ယင်းအခြေခံများ၏ အကြောင်းတရားဖြင့် အဆင့်ဆင့် တိုးတက်ဖြစ်ထွန်းလာရစမြဲဓမ္မတာပင် ဖြစ်ကြောင်း။

## ကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးလုပ်ငန်းများသည် တစ်ဆက်တစ်စပ်တည်းဖြစ်သည်ဆိုသည်ကိုသိမြင်ပြီး တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအားလုံးက အမျိုးသားပညာရေးစီမံကိန်းများ အောင်မြင်ဖြစ်ထွန်းရေးကအစပြုပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ရည်မှန်းချက်များနှင့်အညီ ပြည့်ပြည့်ဝဝအကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

အလားတူပင် ပြည့်စုံခိုင်မာပြီး အခွန့်ရှည်တည်တံ့ခိုင်မြဲသည့် အနာဂတ်နိုင်ငံတော်ကြီးကိုမျှော်တွေးပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်နိုင်ရေးအတွက် အစီအစဉ်တကျ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အဆင့်တိုင်း၊ အဆင့်တိုင်းမှာ ပြည့်ပြည့်ဝဝ အောင်မြင်ဖြစ်ထွန်းစေရအောင် မိမိတို့ကျရာကဏ္ဍက တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြပါဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

## လေ့ကျင့်ပျိုးထောင်

တိကျခိုင်မာသည့် အမျိုးသားရေး လုပ်ငန်းစဉ်များဖြင့် ပြည့်စုံခိုင်မာသော အနာဂတ်နိုင်ငံတော်ကြီးကို တစ်မျိုးသားလုံး လက်တွဲကြိုးပမ်းတည်ဆောက်နေသော ယနေ့အချိန်အခါ သမယမှာ မျိုးဆက်သစ်လူငယ်များကို အမျိုးသားရေး အသိအမြင် နိုးကြား ထက်သန်စေရန်အပြင် အနာဂတ်မှာ ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားဖြစ်ထွန်းစေမည့် အခွင့်အလမ်းကောင်းများအဖြစ် ထက်မြက်မြင့်မားသော ပညာရည်စွမ်းပကားဖြင့် ပြောင်းလဲဖန်တီးယူနိုင်စေမည့် စွမ်းဆောင်ရည်နှင့် ပြည့်စုံစေရအောင် ယခုကပင် လေ့ကျင့်ပျိုးထောင်ပေးကြပါဟု ဆရာ ဆရာမများကို မှာကြားလိုကြောင်း။

လူငယ်ဆိုသည်မှာ အနာဂတ်ကို မျှော်မှန်းတွေးဆရှုမြင်နိုင်သည့် စွမ်းအားရှိသကဲ့သို့ မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာ၊ အမျိုးသားရေး အကျိုးစီးပွားတို့ကို ကာကွယ် စောင့်ရှောက်လိုသည့် စိတ်ဓာတ်လည်း ပင်ကိုအားဖြင့်ရှိထားပြီးဖြစ်ကြောင်း။

## ရပ်တည်နေနိုင်

ထို့ကြောင့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအားလုံးက မိမိတို့၏ တပည့်မျိုးဆက်သစ်လူငယ်များကို လျင်မြန်စွာတိုးတက်ပြောင်းလဲနေသော ကမ္ဘာကြီးတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို အခါမလပ် စောင့်ရှောက်မြှင့်တင်ပေးနိုင်စေရေးအတွက် နယ်ပယ်ကဏ္ဍစုံမှာ ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ၏ စွမ်းအားဖြင့် ချဉ်းကပ်ဖြေရှင်းနိုင်သည့် စွမ်းအားကို သာမက အရာခပ်သိမ်းကို အမျိုးသားရေးအမြင်ဖြင့် ပြတ်သားစွာရှုမြင်နိုင်စေမည့် အသိအမြင် ဗဟုသုတတို့နှင့် ပြည့်စုံခိုင်မာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြမည်ဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်မှာ ကမ္ဘာတည်သရွေ့ တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နေနိုင်မှာ မလွဲဧကန်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းများ အောင်မြင်ဖြစ်ထွန်းရေးနှင့်တကွ အမျိုးသားရေးအကျိုးစီးပွား ဖော်ဆောင်မြှင့်တင်ရေး ဦးတည်သည့် ပညာရေးစနစ် ဖြစ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်မှုများမှာ သာမန်ပညာရေးပြုပြင်ပြောင်းလဲမြှင့်တင်မှုမျိုးမဟုတ်ဘဲ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်ပေးမည့် ပြည့်စုံခိုင်မာသော အနာဂတ်နိုင်ငံတော်သစ်ကြီး ဖော်ဆောင်တည်ဆောက်ပေးနိုင်ရေး၊ အမျိုးသားရေး ကြိုးပမ်းမှုကြီးဖြစ်သည်ဟု တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအားလုံးက ခံယူသိမြင်ပြီး မိမိတို့၏ ပညာရေးကဏ္ဍ အမျိုးသားရေးတာဝန်များကို ပြည့်ပြည့်ဝဝကျေကျေပွန်ပွန် ဖော်ဆောင်ပေးနိုင်စေရအောင် အမျိုးသားရေး စိတ်ဓာတ် မြင့်မားခိုင်မာစွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများအား ဆုချီးမြှင့်ခြင်းနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခြင်းအစီအစဉ်ကို ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)က သင်တန်းသားစံပြဆုကို သင်တန်းသား အမှတ် (ဒီ–၅၂)ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပဲခူးဒီဂရီကောလိပ်မှ သရုပ်ပြ ဦးသန်းထိုက်အောင်အားလည်းကောင်း၊ သင်တန်းသူ စံပြဆုကို သင်တန်းသူ အမှတ်(စီ–၃၄)ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာန မော်လမြိုင်တက္ကသိုလ်မှ သရုပ်ပြ ဒေါ်အေးအေးသင်းအားလည်းကောင်း၊



## ဆုချီးမြှင့်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲအခမ်းအနားတွင် သင်တန်းသားစံပြဆုရရှိသော ပဲခူးဒီဂရီကောလိပ်မှ သရုပ်ပြ ဦးသန်းထိုက်အောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ခွဲလုံ့လဆုများကို သင်တန်းသား အမှတ်(ဒီ–၃၈) ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ယဉ်ကျေးမှုတက္ကသိုလ်မှ လက်ထောက်ကထိက ဦးတင်ဆွေမြင့်၊ သင်တန်းသူအမှတ်(အေ–၁၉၀) ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ယဉ်ကျေးမှုတက္ကသိုလ်မှ ကထိက ဒေါ်သန်းသန်းနှင့် သင်တန်းသူ အမှတ်(အေ–၁၅၈) ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာန ရန်ကုန်ပညာရေးတက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်မြင့်မြင့်မာတို့အား လည်းကောင်းပေးအပ်သည်။

## စံပြအဆောင်ဆုပေးအပ်

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စံပြအဆောင်ဆုကို အမျိုးသမီး တပ်ခွဲ(၂) အဆောင်(၆)မှ သင်တန်းသူများအားလည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား သင်တန်းသူများအားလည်းကောင်း ပေးအပ်သည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများက လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် ကိုးနဝင်းစေတီတော် တိုးချဲ့မွမ်းမံတည်ဆောက်ရေးအတွက် လှူဒါန်းငွေ၊ ပုဂံရှေးဟောင်း ဘုရားပုထိုးများ ပြုပြင်မွမ်းမံထိန်းသိမ်းရေးအတွက် လှူဒါန်းငွေ၊ အမျိုးသားညီလာခံကို ဂုဏ်ပြုလှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရန်ပုံငွေအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာမူလတန်းလွန်ကျောင်း၊ ဖောင်ကြီးအခြေခံပညာ အထက်တန်းကျောင်းနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် မူလတန်းကြိုကျောင်းများအတွက် လှူဒါန်းငွေစုစုပေါင်းငွေကျပ် ၂၄၀၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ သင်တန်းဆင်း အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**(သတင်းစဉ်)**

# ဖနောင်ကောက်မြို့ အပန်းဖြေဥယျာဉ်နှင့် အားကစားကွင်းနေရာများ ဥပဒေသစ်အရ ဆေးလိပ်သောက်ခြင်း တားမြစ်ပိတ်ပင်

ဖနောင်ကောက် ဒီဇင်ဘာ ၁၁

**ဖနောင်ကောက်မြို့ရှိ အများပြည်သူ အပန်းဖြေရာ ဥယျာဉ်များနှင့် အားကစားကွင်းများတွင် ဆေးလိပ်သောက်ခြင်းကို အသစ်ပြဋ္ဌာန်းလိုက်သော ဖနောင်ကောက်မြို့တော်အုပ်ချုပ်ရေး ဥပဒေသစ်အရ ပိတ်ပင်တော့မည်ဖြစ်ကြောင်း နေရှင်းသတင်းစာက သောကြာနေ့၌ ရေးသားဖော်ပြလိုက်သည်။**

ဥယျာဉ်များနှင့် အားကစားကွင်းများအားလုံးကို ဆေးလိပ်မသောက်ရဒေသအဖြစ်သတ်မှတ်ရန် ဖနောင်ကောက်အုပ်ချုပ်ရေးမှူး အက်ပ်ရီရက်စ်ကို ဆာယိုဒင်က ကြာသပတေးနေ့၌ ညွှန်ကြားခဲ့သည်။

**ရေးသား**

အကယ်၍ ဆေးလိပ်သောက်သူများသည် ထိုနေရာများတွင် ဆေးလိပ်သောက်သုံးလျှင် ဒဏ်ငွေဘတ် ၂၀၀၀တပ်ရိုက်ခြင်းခံရမည်ဟု နေရှင်းက ရေးသားသည်။

ပန်းဥယျာဉ်များသို့ လာရောက်လည်ပတ်ကြသည့် ဆေးလိပ်သောက်သုံးတတ်သူများအားဆေးလိပ်မသောက်တတ်သူများ၏ ကျန်းမာရေး ထိခိုက်မည်စိုး၍ ဆေးလိပ်သောက်ခွင့်ပေးမည်မဟုတ်ကြောင်း အက်ပ်ရီရက်စ်က ပြောကြားသည်။

နိုင်ငံအများ၌ ဥယျာဉ်များအတွင်း ဆေးလိပ်သောက်ခြင်းကို ခွင့်ပြုနေဆဲဖြစ်သော်လည်း ထိုင်းနိုင်ငံသည် အထူးသဖြင့် ဖနောင်ကောက်မြို့တော်ရှိ ဥယျာဉ်များအတွင်း၌ ဆေးလိပ်သောက်ခြင်းကို ထိပ်ဆုံးက ပိတ်ပင်တားမြစ်သွားမည်ဖြစ်ကြောင်း ဆေးလိပ်သောက်သုံးမှုဆန့်ကျင်ရေး ဦးဆောင်ဆော်သြသူ ပရာကစ်ဗာသီဆာဟိုကစ်က ပြောကြားသည်။

**တားမြစ်**

ထိုင်းနိုင်ငံ၏ တည်ဆဲဥပဒေတွင် အစိုးရအဆောက်အအုံများ၊ လေအေးစက်တပ်ထားသော ရုံးခန်းများ၊ ဆေးရုံများ၊ ကျောင်းများ၊ အများပြည်သူသုံးပို့ဆောင်ရေးယာဉ်များပေါ် လေအေးစက်တပ်ထားသောစားသောက်ဆိုင်များအတွင်းနှင့် ဈေးဆိုင်တန်းနေရာများတွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်ထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**




## ကမ္ဘာ့အမြန်ဆုံး မှတ်ဉာဏ်ပြား ဆမ်ဆောင်းမှတီထွင်

**ဆိုးလ် ဒီဇင်ဘာ ၁၁**

မှတ်ဉာဏ်ပြား ထုတ်လုပ်ရာတွင် ကမ္ဘာ့နံပါတ်(၂)နေရာ၌ရှိသော ဆမ်ဆောင်း အီလက်ထရွန်းနစ်ကုမ္ပဏီက ကမ္ဘာ့အမြန်ဆုံး မှတ်ဉာဏ်ပြားချပ်ကို တီထွင်ထုတ်လုပ်ထားကြောင်း ကြာသပတေးနေ့က ကြေညာသည်။

**ဖော်ပြ**

ဆမ်ဆောင်းက အသစ်တီထွင်ထုတ်လုပ်လိုက်သော မှတ်ဉာဏ်ပြားသစ် သည် တစ်စက္ကန့်လျှင် ၁ ဒသမ ၆ ဂီဂျာဘစ်(ကွန်ပျူတာစနစ်၌ သိုလှောင်နိုင်စွမ်း ယူနစ်)နှုန်းဖြင့် အချက်အလက်ကို သိုလှောင် သိမ်းဆည်းနိုင်စွမ်းရှိကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

**စီစဉ်ထား**

အဆိုပါ မှတ်ဉာဏ်စွမ်းအား အမြန်ဆုံး ၅၁၂ မီဂါဘိုက်ဒီဒီအာရ်-၃ ဒရမ်ကို ရှေ့နှစ်၌ အများအပြားစတင်ထုတ်လုပ်သွားရန် စီစဉ်ထားသည်ဟု သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**ဟန်ရှိုင်းမြို့၌ တောင်ကိုရီးယားကုန်စည်ပြပွဲ ဖွင့်ပွဲတွင် ဗီယက်နမ်အမျိုးသမီးငယ်များ အော်ဒိုင်းရိုးရာဝတ်စုံများ ဝတ်ဆင်ကာ ကြာပန်းများ ကိုင်ဆောင်ထားသည်ကို ဒီဇင်ဘာ၁၀ရက်က တွေ့ရစဉ်။**
(ယင်းကုန်စည်ပြပွဲကို ဗီယက်နမ်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံ ဆက်ဆံရေး ထူထောင်သည့်(၁၂) နှစ်မြောက် အထိမ်းအမှတ်အဖြစ် တစ်ပတ်ကြာ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။)
**(ဓာတ်ပုံ-အင်တာနက်)**

# အင်ဒိုနီးရှား၏စီးပွားရေး တိုးတက်ရေးလျာထားချက်လွှတ်တော်၌တင်ပြ

**ဂျကာတာ ဒီဇင်ဘာ ၁၁**

ပြန်လည်ရှင်သန်လာသော ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ပစ္စည်းတင်ပို့မှုအပေါ် အခြေခံထားသည့် ကြီးပွားတိုးတက်မှုပိုမိုမြန်ဆန်သည့် လျာထားသတ်မှတ်ချက်သစ်ကို အင်ဒိုနီးရှားအစိုးရက အောက်လွှတ်တော်သို့ အဆိုပြုတင်ပြထားသည်ဟု ဂျကာတာပို့စ်သတင်းစာက ဘဏ္ဍာရေးဝန်ကြီးယူဆွတ်ဖ်အန်ဝါ၏ ပြောဆိုချက်ကို ကိုးကားလျက် ရေးသားဖော်ပြလိုက်သည်။

မိမိတို့၏ ကြီးပွားတိုးတက်မှု လျာထားချက်အသစ်မှာ ၅ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးက ပြောကြားသည်။ ၎င်းသည် ဥပဒေပြုအမတ်များနှင့် ဆွေးနွေးစဉ် ကြာသပတေးနေ့က ထိုသို့ပြောဆိုခြင်း ဖြစ်သည်။

ယခင်အစိုးရနှင့် အောက်လွှတ်တော်အမတ်များ ရေးဆွဲခဲ့သော မူလ၂၀၀၅ခုနှစ် ရသုံးငွေစာရင်းတွင် စီးပွားရေးတိုးတက်ကြီးပွားမှုအား ၅ ဒသမ ၄ ရာခိုင်နှုန်းခန့်မှန်းထားသည်။ စီးပွားရေးကြီးပွားတိုးတက်မှုတွင် လာမည့်နှစ်သည် ရင်းနှီးမြှုပ်နှံမှု ပြန်လည်ရှင်သန်မည့်အချိန်အခါဖြစ်ကြောင်း ဝန်ကြီးယူဆွတ်ဖ်က အကောင်းရှုမြင် ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**




**တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကုန်ပစ္စည်းများ ရောင်းချသည့် ဆိုင်ကြီးတစ်ဆိုင်တွင် လျှော့ဈေးဖြင့်ရောင်းချသော ပစ္စည်းဈေးနှုန်းများကို ဈေးဝယ်လာသူများ ကြည့်ရှုနေသည်ကို ဒီဇင်ဘာ ၁၀ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# လာအိုနိုင်ငံမှ လျှပ်စစ်ဓာတ်အား ထိုင်းနိုင်ငံကဝယ်ယူရန် စာချုပ်

ဖနောင်ကောက် ဒီဇင်ဘာ ၁၁

**ထိုင်း လျှပ်စစ်ဓာတ်အား အာဏာပိုင်အဖွဲ့(အီဂတ်)သည် ထိုင်းပြည်တွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ တိုးပွားလာမှုကို သက်သာစေရေးအတွက် လာအိုနိုင်ငံမှ လျှပ်စစ်ဓာတ်အားဝယ်ယူရန် သဘောတူညီချက်တစ်ရပ်ကို ဗုဒ္ဓဟူးနေ့က လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းစာတစ်စောင်က ကြာသပတေးနေ့၌ ဖော်ပြသည်။**

ယင်းသဘောတူညီချက်အရ လာအိုနိုင်ငံတောင်ပိုင်းရှိ ဟီဆက် ၂ ရေအားလျှပ်စစ်စီမံကိန်းမှ ၂၀၀၇ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ လျှပ်စစ်ဓာတ်အားများ တင်ပို့ရောင်းချရန် စီစဉ်ထားကြောင်း ဖနောင်ကောက်ပို့စ်က ဖော်ပြသည်။

ထိုင်းနိုင်ငံသည် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ ၁၀ နာရီ အချိန်အပိုင်းအခြား ကာလအတွင်း လျှပ်စစ်ဓာတ်အားရယူခြင်းအပေါ် ဘတ်၁ ဒသမ ၆၀(၀ ဒသမ ၀၄ အမေရိကန်ဒေါ်လာ) ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**ဝင်ငွေတိုး**

စနေ၊ တနင်္ဂနွေနှင့် အားလပ်ရက်များတွင် လျှပ်စစ်သုံးစွဲသည့် တစ်ယူနစ်ဈေးနှုန်းမှာ ၁ ဒသမ ၂ ဘတ် (၀ ဒသမ ၀၃ ဒေါ်လာ)ရှိကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အား ရောင်းချရေး အစီအစဉ်သည် ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ခြောက်သွေ့ရာသီ၌ လျှပ်စစ်ဓာတ်အားပြတ်လပ်မှုကို သက်သာစေမည်ဖြစ်ပြီး လာအိုနိုင်ငံအတွက် ဝင်ငွေတိုးလာစေမည်ဟု မျှော်လင့်ရကြောင်း သိရသည်။

**လိုအပ်**

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း၌ နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာ နှစ်စဉ်ပျမ်းမျှ ၆ ရာခိုင်နှုန်း လိုအပ်လျက်ရှိကြောင်း ယခုနှစ်တွင် ၂၂၀၀ မီဂါဝပ် အများဆုံး လိုအပ်မည်ဖြစ်ကြောင်း အီဂတ်က မျှော်လင့်ထားသည်။

**ထုတ်လုပ်**

အဆိုပါ လျှပ်စစ်ဓာတ်အားပေးရေး စီမံကိန်းသည် လာအိုနိုင်ငံ တောင်ပိုင်း ဆာရာဗန်နှင့် ချန်ပတ်ဆပ်ပြည်နယ်များရှိ ဟီဆက်မြစ်ပေါ်တွင် တည်ဆောက်ထားသည်။ လျှပ်စစ်ဓာတ်အား ၇၆ မီဂါဝပ်ထုတ်လုပ်နိုင်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## တရုတ်နိုင်ငံ၏ ပထမဆုံးသော အာကာသယာဉ်မှူးအား ဒေါက်တာဘွဲ့ အပ်နှင်း

**ဟောင်ကောင် ဒီဇင်ဘာ ၁၁**

တရုတ်နိုင်ငံ၏ ပထမဆုံးအာကာသယာဉ်မှူး ရန်လီဝေအား ဟောင်ကောင် တရုတ်တက္ကသိုလ်(စီယူအိတ်ချ်ကေ)က ဟောင်ကောင်မြို့၌ ကြာသပတေးနေ့က သိပ္ပံဒေါက်တာဘွဲ့အပ်နှင်းလိုက်သည်။

ရန်သည် အာကာသသို့ တရုတ်နိုင်ငံ၏ ပထမဆုံးသော လူလိုက်ပါသည့် တရုတ်အာကာသယာဉ်မှူးဖြစ်ခဲ့သည်။ ၎င်းသည် ပြည်သူ့လွတ်မြောက်ရေးတပ်ဖွဲ့ အမှတ်(၈)လေကြောင်းကောလိပ်မှ ဒီဂရီဘွဲ့ရရှိခဲ့သူ ဖြစ်ပြီး ၁၉၉၈ခုနှစ်တွင် အမျိုးသား အာကာသယာဉ်မှူး အသင်းအဖွဲ့ဝင်တစ်ဦး ဖြစ်လာခဲ့သည်။

မိမိအား ယခုကဲ့သို့ ဂုဏ်ပြုခြင်းကို ဝမ်းသာပီတိဖြစ်ရကြောင်း၊ ယခုဂုဏ်ပြုမှုသည် လူတစ်ဦးတစ်ယောက်အတွက် ဂုဏ်ပြုခြင်းမျိုး မဟုတ်ဘဲ အမျိုးသား အာကာသပျံသန်းရေး အင်ဂျင်နီယာများအားလုံးကို ဂုဏ်ပြုခြင်းလည်း ဖြစ်ကြောင်း ရန်က ပြောကြားသည်။

ရန်သည် ၂၀၀၃ခုနှစ် အောက်တိုဘာ ၁၅ရက်က ရှန်ကျိုး (၅)အာကာသယာဉ်ဖြင့် ကမ္ဘာကို ၁၄ကြိမ်ပတ်ခဲ့သည်။ တရုတ်နိုင်ငံ၏ လူလိုက်ပါသည့် အာကာသပျံသန်းရေး အိပ်မက်ကို လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးခဲ့ပြီး အာကာသမစ်ရှင်နှင့် အာကာသသိပ္ပံဖွံ့ဖြိုးရေး ရရှိရန် အရေးကြီးသော ဆောင်ရွက်မှုများကို ပြုလုပ်နိုင်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# မီတာ ၂၀၀၀နက်သည့် ဥမင်ကြီး အင်ဒိုနီးရှား၌ တွေ့ရှိ

ဂျကာတာ ဒီဇင်ဘာ ၁၁

**အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက်အကျဆုံး ပြည်နယ်ဖြစ်သော ပါပူးဝါးတွင် လေ့လာရေးအဖွဲ့တစ်ဖွဲ့က မီတာ ၂၀၀၀ ခန့်နက်သည့် ဥမင်လိုဏ်ခေါင်းတစ်ခုကို တွေ့ရှိခဲ့ကြောင်း၊ ယင်းဥမင်လိုဏ်ဂူသည် ကမ္ဘာ့အနက်ဆုံးဟု လူသိများသော ပြင်သစ်တောင်ပိုင်းမှ ဂျင်းဘားနတ်ဥမင်လိုဏ်ဂူထက်သာလွန်ကြောင်း အင်တာရာသတင်းဌာနက ကြာသပတေးနေ့၌ ပြောကြားသည်။**

ပြင်သစ်မှာရူနိုသာရီဦးဆောင်သောအဖွဲ့သည် ဂျာဗားအရှေ့ပိုင်း ကီလိုမီတာ ၃၂၀၀ အကွာရှိ မိုနော့ဝါကီ၌ အဆိုပါဥမင်လိုဏ်ဂူကို တွေ့ရှိခဲ့သည်ဟု ဆိုသည်။

၁၉၉၃ ခုနှစ်ကတည်းက အလားတူ လေ့လာရေးအဖွဲ့သည် ဂြိုဟ်တုမှ သတင်းများရယူစုဆောင်းလျက် ပါပူးဝါးတွင် ဘူမိဗေဒဆိုင်ရာလေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါဥမင်သည် လီနာတောင်တန်းဒေသတွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ အဝင်ဝမှ မီတာ ၂၀၀၀ နက်ကြောင်း၊ ဂျင်းဘားနတ်ဥမင်ထက် ၁၆၁၀ မီတာပိုနက်ကြောင်း သာရီက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**





## မော်ကွန်း ကျောက်စာတိုင် ဖွင့်လှစ်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်ရှိသံသမကြီးတံတားဖွင့်ပွဲ အခမ်းအနားတွင် သံသမကြီးတံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)

# ရခိုင်ကမ်းလွန်ပင်လယ်ပြင်၌ သဘာဝဓာတ်ငွေ့သိုက် ရှာဖွေတွေ့ရှိထားပြီ ရခိုင်ပြည်နယ်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြန်ဆန်လာတော့မည်

■ **ကျောဖုံးမှ**

ပြည်နယ်နှင့်တိုင်း ၁၄ခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန်ကွက်ပြည့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေး၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြုံနိမ့်မြင့်ကွာဟမှု လျော့နည်းပြီး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံများကို တည်ဆောက်အကောင်အထည် ဖော်လျက်ရှိကြောင်း။

## ပြည်ထောင်စုစိတ်ဓာတ်

အထူးသဖြင့် ခေတ်အဆက်ဆက်တွင် အကြောင်းကြောင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်ခဲ့ရသည့် ရခိုင်ပြည်နယ်အပါအဝင် ပြည်နယ်များနှင့် နယ်စပ်ဒေသများ၌ လိုအပ်နေသည့် ဖွံ့ဖြိုးမှုအခြေခံများကို အစွမ်းကုန်ထူထောင်ပေးလျက်ရှိကြောင်း။

နယ်မြေဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးသည် အရေးကြီးဆုံးနှင့် အခြေခံအကျဆုံး လိုအပ်ချက်ပင်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့သည်နှင့်အမျှ ကုန်သွယ်စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ပြီး ဒေသ၏စီးပွားရေးအခြေအနေ တိုးတက်ဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများလည်း ဟန်ချက်ညီညီတိုးတက်မြင့်မားလာမှာဖြစ်ကြောင်း၊ ထို့အပြင် တိုင်းရင်းသားအချင်းချင်း အထိအတွေ့ အဆက်အဆံများပြားလာပြီး အပြန်အလှန် အမြင်ချင်း၊ အသိပညာချင်းဖလှယ်နိုင်သည့်အတွက် တစ်ဦးနှင့် တစ်ဦး ရိုင်းပင်းကူညီလိုစိတ်၊ စာနာစိတ်၊ ရင်းနှီးစိတ်များ ပွားများလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲလာစေမှာ ဖြစ်ကြောင်း၊ ပြည်ထောင်စု စိတ်ဓာတ် ပွားများတိုးတက်လာမှာ ဖြစ်ကြောင်း။

## ကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် ပြည်နယ်၊တိုင်း နယ်မြေ ဒေသအားလုံး၌ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာစေရန်အတွက် နိုင်ငံတော်အစိုးရက အထူးအလေးထား ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ရခိုင်ပြည်နယ်သည် ယခင်ကာလများက အခြားပြည်နယ်၊တိုင်းများနှင့် ဆက်သွယ်ရာ၌ခက်ခဲပြီး ရေကြောင်းလမ်းနှင့် လေကြောင်းလမ်းတို့ကိုသာ အဓိကအားထား နေခဲ့ရကြောင်း၊ ပြည်နယ်၏ ကုန်းလမ်းထွက်ပေါက်သုံးခုဖြစ်သည့် အမ်းတောင်ကြားလမ်း၊ တောင်ကုတ် တောင်ကြားလမ်းနှင့် ဂွ-ငသိုင်းချောင်းလမ်းတို့ ရှိသော်လည်း ယင်းထွက်ပေါက်များနှင့် ရခိုင်ပြည်နယ်အတွင်းပိုင်းဒေသကိုဆက်စပ်နိုင်သည့် မော်တော်ကားလမ်းများမရှိသည့်အပြင်ရှိပြီးလမ်းများသည်လည်း ကောင်းမွန်ခြင်းမရှိ ဖြစ်ခဲ့ကြောင်း။

ထို့ကြောင့် ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် နိုင်ငံတော်က လမ်း၊ တံတားများစွာကို ဘဏ္ဍာငွေမြောက်မြားစွာ အကုန်ခံပြီးတည်ဆောက်ပေးခဲ့ကြောင်း၊ ယခုဆိုလျှင် ရခိုင်ပြည်နယ်က တိုင်းရင်းသားများသည် စစ်တွေ-မြောက်ဦး-အမ်းကားလမ်းမကြီးမှတစ်ဆင့် မြန်မာပြည်အနှံ့ သွားလာနေပြီဖြစ်ပြီး တောင်ကုတ်-ပန်းတောင်းလမ်း၊ ဂွ-ငသိုင်းချောင်းလမ်းတို့နှင့် ပေါင်းဆက်လိုက်လျှင် နိုင်ငံနှင့်အဝန်းဆက်သွယ်သွားလာနိုင်သည့် လမ်းမကြီးသုံးသွယ် ခိုင်ခိုင်မာမာရှိနေပြီဖြစ်ကြောင်း၊ ယခု တောင်ကုတ်ကို အခြေပြုထားသော ရန်ကုန်-ကျောက်ဖြူလမ်းမကြီးကိုလည်း ရွှံ့ညွန်တောများအတွင်း Geotextileနည်းကိုသုံးပြီး ခဲရာခဲဆစ်ဖြတ်ကျော် ဖောက်လုပ်ပေးလျက်ရှိကြောင်း။

## ဆက်လက်တည်ဆောက်

တောင်ကုတ်-မအီ-ကျောက်ဖြူလမ်းအပိုင်းတွင်လိုအပ်သည့် ပေ ၁၈၀ အထက် မြစ်ကူးတံတား ၁၄စင်း တည်ဆောက်ရန်ရှိသည့်အနက် ကိုင်းရှည် တံတား၊ တန်းလွှဲတံတား၊ ဆားပြင်တံတား၊ လာမူးတံတား၊ မအီတံတား၊ ကျောက်ကြီးပေါက်တံတား၊ စနဲပေါက်တံတား၊ ဒီးဒုတ်ပေါက်တံတား၊ လုံးတော်ပေါက် တံတားနှင့် ယနေ့ဖွင့်လှစ်သည့် သံသမကြီးတံတားနှင့် ဆိုလျှင် တံတား၁၀စင်းကို တည်ဆောက်ပေးပြီးဖြစ်သည့်အပြင် ကျန်တံတားလေးစင်းကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိကြောင်း။

အမ်းမြို့နှင့် တောင်ကုတ်မြို့ကြားရှိ ကိုင်းရှည်တံတား၊ တန်းလွှဲတံတား၊ ဆားပြင်တံတား၊ လာမူးတံတားနှင့် မအီတံတား ငါးစင်း ပြီးစီးသွားသည့်အတွက် အရှည် ၈၈မိုင်ခန့်ရှိသော အမ်း-တောင်ကုတ်ကားလမ်းမကြီးကိုလည်း ယခုလ ၃ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၍ ယခင်ကပြတ်တောက်နေသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းဆက်စပ်သည့် ရခိုင်ကမ်းရိုးတန်းလမ်းမကြီး မျက်ဝါးထင်ထင်ရုပ်လုံးပေါ်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်မြို့တော် စစ်တွေ-မြောက်ဦးမှတစ်ဆင့် အမ်းကိုဖြတ်ပြီး တောင်ကုတ်-သံတွဲ- ဂွလမ်းမကြီးကို အသုံးပြုကာ ဧရာဝတီတိုင်းနှင့် မြို့တော်ရန်ကုန်အထိကုန်စည်ကူးသန်းသွားလာနိုင်ပြီဖြစ်၍ ရခိုင်ပြည်နယ်၏ တိုးတက်မှုသည် ပိုမိုမြန်ဆန် သွက်လက်လာတော့မှာ ဖြစ်ကြောင်း၊ ထို့အပြင် လိုအပ်သည့် တံတားအားလုံးနှင့် လမ်းလုပ်ငန်းများ ပြီးစီးသွားမည်ဆိုလျှင် ကျောက်ဖြူ-မအီ-အမ်းကားလမ်းအပြင် ကျောက်ဖြူ-မအီ-တောင်တက်ကားလမ်းတို့ ပေါ်ထွက်လာပြီး မိုင်၄၀၀ကျော်ရှိ ရန်ကုန်-ကျောက်ဖြူကားလမ်းမကြီးသည်လည်း ရန်ကုန်-စစ်တွေလမ်းမကြီးကဲ့သို့ လမ်းမကြီးအသစ်တစ်ခုအဖြစ် ခိုင်ခိုင်မာမာ ထွက်ပေါ်လာတော့မှာ ဖြစ်ကြောင်း၊ ထို့ကြောင့် အမ်းမှတစ်ဆင့်၊ တောင်ကုတ်မှတစ်ဆင့်၊ ဂွမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်နိုင်သည့် ဝင်ပေါက်ကြီးသုံးခုကို အသုံးပြုပြီး လမ်းမကြီး လေးသွယ်အထိ ကျယ်ပြန့်စွာ တိုးတက်ပေါ်ထွက်လာတော့မှာ သေချာနေပြီဖြစ်ကြောင်း။

## ၃၁စင်းမြောက်တံတား

ယနေ့ဖွင့်လှစ်သည့် သံသမကြီးတံတားသည် ဖောက်လုပ်ဆဲ ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးပေါ်တွင် အရေးပါသည့် တံတားတစ်စင်းဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ခဲ့သည့် ၁၇၇ စင်းမြောက် ပေ ၁၈၀ အထက်တံတားတစ်စင်းဖြစ်ကြောင်း၊ ထို့အပြင် မြန်မာ့မီးရထားက တည်ဆောက်ဖွင့်လှစ်ခဲ့သည့် တံတားခြောက်စင်း၊ တပ်မတော်အင်ဂျင်နီယာတပ်က တည်ဆောက်ဖွင့်လှစ်ခဲ့သည့် တံတားခုနစ်စင်းတို့နှင့် ပေါင်းပြီး ဖော်ပြရပါက ယခုတံတားသည် နိုင်ငံတော်၏ အစင်း၁၉၀ မြောက် တံတားလည်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွက်ဆိုလျှင် ၃၁စင်းမြောက် တံတားလည်း ဖြစ်ကြောင်း။

သံမဏိသံပေါင်တပ် သံကူကွန်ကရစ်တံတားဖြစ်ပြီး အရှည်၅၅၂ ဒသမ ၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ တံတားခံနိုင်ဝန် တန် ၆၀ ရှိသည့် တံတားတစ်စင်းဖြစ်ကြောင်း၊ ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်မည့် အခြေအနေကောင်းများ ရှိသည့် ကျောက်ဖြူနှင့် ရန်ကုန်ဆက်သွယ်ရာ လမ်းမကြီးပေါ်ရှိ ယခုတံတားသည် ရခိုင်ပြည်နယ်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများကို များစွာ အထောက်အကူပြုစေမှာဖြစ်ကြောင်း။

## ပိုမိုမြန်ဆန်လာမည်

ရခိုင်ပြည်နယ်သည် ရေသယံဇာတ၊ မြေသယံဇာတ ကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊မကြာသေးမီကပင် ဤဒေသနှင့် ဆက်စပ်သည့် ရခိုင်ကမ်းလွန်ပင်လယ်ပြင်၌ သဘာဝဓာတ်ငွေ့သိုက်ကို ရှာဖွေတွေ့ရှိထားပြီဖြစ်၍ ရခိုင်ပြည်နယ်၏တိုးတက်မှုသည် ပိုမိုမြန်ဆန်လာတော့မှာ ဖြစ်ကြောင်း။

ယခုကဲ့သို့ တံတားကြီး အားလုံး ဖွင့်လှစ်ပြီးပါက ရန်ကုန် -ကျောက်ဖြူကားလမ်းမကြီးပေါ်ပေါက်လာတော့မှာဖြစ်၍ ရေလမ်းကိုသာ ဘိုးစဉ်ဘောင်ဆက် ခေတ်အဆက်ဆက် အားကိုးနေကြရသည့် ရမ်းဗြဲကျွန်းပေါ်ရှိ ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်များမှ မြို့နှစ်မြို့နှင့် ကျေးရွာ ၄၈၀ ၌ မှီတင်းနေထိုင်ကြသည့် ကျေးလက်ပြည်သူ သုံးသိန်းကျော်တို့အတွက် အိပ်မက်မျှပင်မမက်ဖူးခဲ့သည့် တန်ဖိုးမဖြတ်နိုင်သော ကုန်းလမ်းထွက်ပေါက်ကြီးတစ်ခု ပေါ်ထွက်လာတော့မှာ ဖြစ်ကြောင်း၊ ယင်းထွက်ပေါက်ကို အသုံးပြုပြီး ရခိုင်ပြည်နယ် တောင်ဘက် ကမ်းရိုးတန်း မြို့၊ ရွာများနှင့် မြန်မာပြည်အနှံ့ လွယ်ကူလျင်မြန်စွာ ကူးသန်းရောင်းဝယ်နိုင်တော့မှာဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ စီးပွားရေးသည်လည်း ပိုမိုဖွံ့ဖြိုးလာပြီး လူနေမှု အဆင့်အတန်းသည်လည်း ပိုမိုတိုးတက် ဖြစ်ပေါ်လာတော့မှာ သေချာလျက်ရှိကြောင်း။

***စာမျက်နှာ ၁၂ ကော်လံ ၁ သို့***

## အရေးပါသော သံသမကြီးတံတား

- ❒ ရန်ကုန်-ကျောက်ဖြူလမ်းမကြီးပေါ်တွင် အရေးပါသည့် တံတားဖြစ်၊
- ❒ နိုင်ငံတော်၏ ပေ ၁၈၀ အထက် အစင်း ၁၉၀ မြောက်တံတားဖြစ်ပြီး ရခိုင်ပြည်နယ်၏ ၃၁စင်းမြောက် တံတားဖြစ်၊
- ❒ သံမဏိ သံပေါင်တပ် သံကူကွန်ကရစ် တံတားဖြစ်ပြီး အရှည် ၅၅၂ ဒသမ၄ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ တံတားခံနိုင်ဝန် တန် ၆၀ ဖြစ်သည်၊
- ❒ ရမ်းဗြဲကျွန်းပေါ်ရှိ ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်များမှ မြို့နှစ်မြို့နှင့် ကျေးရွာ ၄၈၀ ၌ မှီတင်းနေထိုင်ကြသည့် ကျေးလက်ပြည်သူ သုံးသိန်းကျော်တို့အတွက် အိပ်မက်မျှပင် မမက်ဖူးသည့် တန်ဖိုးမဖြတ်နိုင်သော ကုန်းလမ်းထွက်ပေါက်ကြီးတစ်ခု ပေါ်ထွက်လာတော့မည်၊
- ❒ ယင်းထွက်ပေါက်ကို အသုံးပြုပြီး ရခိုင်ပြည်နယ်တောင်ဘက် ကမ်းရိုးတန်း မြို့၊ရွာများနှင့်မြန်မာပြည်အနှံ့ လွယ်ကူစွာ ကူးသန်း ရောင်းဝယ်နိုင်။



**ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ရှိ သံသမကြီးတံတားဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)



**ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်ရှိ သံသမကြီး တံတားဖွင့်ပွဲ အခမ်းအနားတွင် ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

*✳ ကျောဖုံးမှ*

အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ (၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ရည်ညွှန်းကျမ်းအဖွဲ့ဝင်များ၊ မြန်မာ့သမိုင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပုဂ္ဂလိကစာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ စာပေဆုရရှိကြသူများ၊ ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆုနှင်းသဘင်အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒေါ်စန်းစန်းယဉ်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒေါ်ခင်မိုးဥက ဆောင်ရွက်၍ ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနား အစီအစဉ်များကို ဖတ်ကြားကြေညာသည်။

## အားပေးချီးမြှင့်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်

## ဘိုးဘွားအမွေအနှစ်

မိမိတို့တွင် အမျိုးသားစာပေ အပါအဝင် ကောင်းမြတ်သည့် ယဉ်ကျေးမှုအမွေအနှစ် အစုအဝေးကြီးကို မြန်မာလူမျိုးရယ်ဟု စတင်ထင်ရှားခဲ့သည့် သမိုင်းဦးကာလကစပြီး ဆက်ခံရရှိထားခဲ့ပြီးဖြစ်ကြောင်း၊ မျက်မှောက်ခေတ်ယနေ့ကာလတိုင် မပျောက်ပျက် မတိမ်ကောစေရန် မြန်မာလူမျိုးတို့ ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်လာခဲ့သည့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် အစုအဝေးထဲတွင် အမျိုးသားစာပေသည် အလွန်တန်ဖိုးကြီးမားသော ဘိုးဘွားအမွေအနှစ် တစ်ခုပင် ဖြစ်ကြောင်း။

ထိုကဲ့သို့ တန်ဖိုးကြီးမားလှသည့် မြန်မာစာပေ၏သမိုင်းကြောင်းကို ကြည့်လျှင် မြန်မာစာပေသည် မြန်မာဆိုသည့် ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာဆောင်သော မြင့်မြတ်သည့်အမျိုးအနွယ်ကို ထိန်းသိမ်းထားနိုင်မှု၊ မြန်မာနိုင်ငံဆိုသည့် ရေမြေသဘာဝ အဝန်းအဝိုင်းနယ်နိမိတ်ကို ခေတ်အဆက်ဆက်တွင် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်မှု၊ ကိုယ့်မြေကိုယ့်ရေပေါ်တွင် ကြွယ်ဝသော သယံဇာတများကို မျှဝေသုံးစွဲရင်း မြန်မာနွယ်ဖွား တိုင်းရင်းသား



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၃ ခုနှစ် အတွက် အမျိုးသားစာပေဆု၊ စာပေ ဗိမာန်စာမူဆုနှင့်(၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)



သည့် နိုင်ငံတော်ကြီးကို အားသွန်ခွန်စိုက် ကြိုးပမ်းတည်ဆောက်ပေးနေသည့် အချိန်အခါတွင် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းရေးကိုသာမက စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသားစာပေ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့်တကွ ယဉ်ကျေးမှုအနုပညာရပ် နယ်ပယ်ကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အားပေးချီးမြှင့် မြှင့်တင်ပေးလျက်ရှိသည်ကို အားလုံးသိမြင်ကြမှာပင် ဖြစ်ကြောင်း။

## နိုင်ငံတော်ကတန်ဖိုးထား

အထူးသဖြင့် အမျိုးသားယဉ်ကျေးမှု၏ ရေသောက်မြစ်ကြီးသဖွယ်ဖြစ်သည့် အမျိုးသားစာပေ အားကောင်းမောင်းသန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးချီးမြှင့်မှု အစီအမံများကို နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားစာပေ၏ ကောင်းမြတ်သည့် အစဉ်အလာနှင့် အရည်အသွေးတို့ကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနိုင်စေရန်အတွက် အဘက်ဘက်က အားပေးစောင့်ရှောက်လျက်ရှိသကဲ့သို့ စာပေ၏ ပြည်သူများအပေါ် အပြုသဘောဆောင်နိုင်မှု စွမ်းအားကိုလည်း နိုင်ငံတော်အစိုးရက ယုံကြည်ကိုးစား တန်ဖိုးထားလျက်ရှိကြောင်း။

အမျိုးသားရေးကို ရှေးရှုသည့် စာပေများသည် ပြည်သူတို့ကို မှန်ကန်သော အတွေးအမြင် ဗဟုသုတများ၊ အချင်းချင်း ရိုင်းပင်းညီညွတ်သည့် အမျိုးသားရေးစိတ်ထားများ၊ တိုင်းချစ်၊ ပြည်ချစ် မျိုးချစ်စိတ်နှင့် တကွ မြန်မာလူမျိုးတို့၏ ထူးခြားကောင်းမြတ်သော ယဉ်ကျေးမှုစရိုက် လက္ခဏာအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အသိပညာစွမ်းအားဂုဏ်သတ္တိထူးများကို ပေးနိုင်စွမ်းရှိကြောင်း။

လူမျိုးများအားလုံး တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် မိသားစုဝင်များ ပီပီ အတွေးအခေါ်၊ အနေအထိုင်ဓလေ့များ အခြေခံအားဖြင့် တူညီစွာ ဖြစ်ထွန်းနေမှု၊ သမိုင်းတစ်လျှောက်တွင် ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး အေးအတူပူအမျှ ပေါင်းစည်းနေထိုင်ခဲ့မှုစသည့် အမျိုးသားရေး အစဉ်အလာကောင်း အမွေခံကောင်းများနှင့် အပြန်အလှန်အကျိုးပြု ယှဉ်တွဲဖြစ်ထွန်းလာခဲ့သည်ကို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား တွေ့မြင်ကြရမှာဖြစ်ကြောင်း။

## မှတ်တမ်းကမ္ပည်းထိုး

မြန်မာသမိုင်း၏ အမျိုးသားရေး အမွေခံကောင်းများကို ဆက်ခံခွင့်ရခဲ့သည့် မိမိတို့သည် အမွေခံထိုက်သူများ ဖြစ်အောင် ကျင့်ကြံဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထိုကဲ့သို့ ကောင်းမြတ်သော အမျိုးသားရေးအမွေခံကောင်းများကို ကြွယ်ဝလှသော မြန်မာစာပေ လက်ရာမွန်များထဲတွင် မှတ်တမ်းကမ္ပည်းရေးထိုးထားပြီးလည်းဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ခေတ်ကာလတွင် ရှိရင်းစွဲ အမျိုးသားရေးအမွေခံကောင်းများ ထာဝစဉ်ခိုင်မြဲပွားများစေရအောင် မပျက်မယွင်း လက်ဆင့်ကမ်းဆင့်ပွား ဖော်ဆောင်သွားနိုင်ရန် အထူးလိုအပ်ကြောင်း၊ စာပေရေးသားဖန်တီးသူများအဖို့ ယင်းတာဝန်သည် သမိုင်းပေးတာဝန်ဖြစ်သည်ဟု ခံယူထားရန်လိုအပ်ကြောင်း။

## အကျိုးရှိစွာအသုံးချ

စာပေလက်ရာများ တည်တံ့ခိုင်မြဲဖို့ဆိုရာတွင် ရသစာပေဖြစ်စေ၊ သုတစာပေဖြစ်စေ ရေးသားပြုစုသည့် စာပေပညာရှင်၏ စေတနာက ပင်မအကြောင်းရင်းခံပင်ဖြစ်ကြောင်း၊ စာပေရေးသားပြုစုသူတို့က စေတနာ စိတ်ရင်းကောင်းနှင့် မျှဝေဖြန့်ချိပေးနိုင်ပါမှ စာဖတ်သူတို့ကလည်း စာပေက ပေးနိုင်သော ယဉ်ကျေးမှုအမွေ၊ ပညာဗဟုသုတအမွေတို့ကို အကျိုးရှိစွာ ရယူအသုံးချနိုင်ကြမှာဖြစ်ကြောင်း။

တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိန်းဝပ်ရှင်သန်ခိုင်မာစေမည့် အမျိုးသားရေးကို အားပေးနိုးဆော်သည့် စာပေလက်ရာများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးလက္ခဏာများကို မပျောက်ပျက်ရအောင် စောင့်ရှောက်ထိန်းသိမ်း မြှင့်တင်နိုင်ရန် အားပေးစေ့ဆော်သည့် စာပေလက်ရာများသာ အမျိုးသားစာပေသမိုင်းမှာ မှတ်တမ်းတင်ကျန်ရစ်မှာဖြစ်ကြောင်း။

## ဆက်လက်အားပေး

ယနေ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် အမျိုးသားစာပေ၏ အနှစ်သာရနှင့် စွမ်းပကားကို အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် စုစည်းခိုင်မာစွာဖြစ်တည်လာစေရန် အားပေးမြှင့်တင်ရင်း အမျိုးသားရေး အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်သော ထက်မြက်သည့် လက်နက်ကောင်းသဖွယ် တွင်ကျယ်ထိရောက်စွာ အသုံးပြုနိုင်စေရန် ဆက်လက်ပြီး အားပေးဆောင်ရွက်သွားမှာ ဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီးတွင် ဖြစ်ပေါ်နေသည့် ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုများနှင့်အတူ တိုင်းတစ်ပါးနိုင်ငံအချို့၏ မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သော ဓလေ့စရိုက်များအစီအစဉ်ရှိရှိ ဝင်ရောက်ထိုးဖောက် လွှမ်းမိုးရန်လုပ်ဆောင်နေမှုကို တွန်းလှန်ကာကွယ်ရာတွင် စာပေနယ်ပယ်သည် အခြားသော ယဉ်ကျေးမှု နယ်ပယ်များနည်းတူ ကိုယ့်စည်းကိုယ့်တာ မကျိုးမပေါက်စေရအောင် လုံခြုံစွာစောင့်ရှောက်ကာကွယ်ထားနိုင်သည့် အမျိုးသားရေးခံကတုတ်

*စာမျက်နှာ ၈ ကော်လံ ၁*



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၃ ခုနှစ်အတွက် စာပေဗိမာန်စာမူ ဝတ္ထုရှည် ပထမဆုရ အောင်လင်းလတ်(ဥက္ကလာ)အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၃ ခုနှစ်အတွက် စာပေဗိမာန်စာမူ သုတပဒေသာ(ဝိဇ္ဇာပညာရပ်)ပထမဆုရ သတင်းထောက်သောင်းညွန့်(ဖျာပုံ)အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ၂၀၀၃ခုနှစ် အတွက် စာပေဗိမာန်စာမူ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ပထမဆုရ သျှင်ထွေးယဉ်(မနုဿ)အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရ မောင်သစ္စာအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရ နိုင်ရွှေမိုးအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရ လှိုင်သင်းအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

**စာမျက်နှာ ၇မှ**

တစ်ခုအဖြစ် ခိုင်ခိုင်မြဲမြဲ တောက်တောက်ကြွားကြွား ရပ်တည်နိုင်စေရန် စာပေပညာရှင်များအားလုံးက အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝဖြင့် တက်ညီလက်ညီ ကြိုးပမ်းအားထုတ် သွားကြပါရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ အချိန်အခါတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို မြန်မာနိုင်ငံ မြန်မာလူမျိုးတို့၏ ခိုင်မာသည့် သမိုင်းကြောင်း အခြေခံများ၊ ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် ပြည်ထောင်စုကြီး၏ အနှစ်သာရများနှင့်ဆီလျော်ညီညွတ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်သွားနိုင်စေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အတိအလင်း ထုတ်ဖော်ကြေညာပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီလည်းဖြစ်ကြောင်း၊ ယင်းမူဝါဒလမ်းစဉ်(၇) ရပ်သာလျှင် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းလာစေရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် ရေရှည်အာမခံနိုင်သည့် စစ်မှန်သော အမျိုးသားရေးလမ်းစဉ်ဖြစ်ခြင်းကြောင့် ပြည်သူအားလုံးက မမိုတ်မသုန် ဦးတည်ချီတက်ကြရမည့် တစ်ခုတည်းသော ခရီးလမ်းပင်ဖြစ်သည်ကို ပြောကြားလိုကြောင်း၊ ထိုကဲ့သို့ ချီတက်လျှောက်လှမ်းရာတွင် စာပေပညာရှင်များအနေဖြင့် မိမိတို့၏ ကလောင်စွမ်းအားဖြင့် တစ်တပ်တစ်အား ပါဝင်စွမ်းဆောင် ချီတက်ကြရမှာဖြစ်သကဲ့သို့ တိုင်းရင်းသား ပြည်သူများကိုလည်း စာပေစွမ်းပကားဖြင့် ဉာဏ်အလင်းရောင်ပေး စည်းရုံးဦးဆောင်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **သမိုင်းအစဉ်အလာ ကြီးမားခဲ့ထည်ခဲ့သည့် မြန်မာ့စာပေ၏ အစဉ်အလာကောင်းများနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို စာပေစွမ်းအားဖြင့် စောင့်ရှောက်မြှင့်တင်ပေးကြပါ၊**
- **တိုင်းတစ်ပါး ယဉ်ကျေးမှု၊ တိုင်းတစ်ပါး လူနေမှုဓလေ့စရိုက်အမူအကျင့်များ ဖွတ်အတင်း သွတ်သွင်းလာမှုများကို ဆန့်ကျင်ချေဖျက်နိုင်စေရန် အမျိုးသားရေး စိတ်ဓာတ်ကိုအခြေခံသော ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းလာအောင် စာပေစွမ်းအားဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **ယနေ့ နိုင်ငံတော်တွင် ကိုယ့်ခွန်ကိုယ့်အား၊ ကိုယ်ပိုင်အရည်အသွေးဖြင့် စွမ်းဆောင်ရရှိဖြစ်ထွန်းနေသည့် အောင်မြင်တိုးတက်မှု အခြေခံကောင်းများကို စာပေစွမ်းပကားဖြင့် ဝိုင်းဝန်းထိန်းသိမ်း မြှင့်တင်ပေးကြပါ၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ပြည်သူတို့၏ အမျိုးသားရေးအသိအမြင် အစဉ်ထာဝရနိုးကြားခိုင်မာမြင့်မားစေရေးအတွက် စာပေစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြပါ**

ဟု တိုက်တွန်းပြောကြားသည်။

## စာပေကပေးနိုင်သော ယဉ်ကျေးမှုနှင့်ပညာဗဟုသုတတို့ကို အကျိုးရှိစွာအသုံးချ

- ❑ အမျိုးသားရေးကို ရှေးရှုသည့် စာပေများသည် ပြည်သူတို့ကို မှန်ကန်သော အတွေးအမြင် ဗဟုသုတများ၊ အချင်းချင်း ရိုင်းပင်း ညီညွတ်သည့် အမျိုးသားရေးစိတ်ထားများ၊ မျိုးချစ်စိတ်နှင့်တကွ မြန်မာလူမျိုးတို့၏ ထူးခြားကောင်းမြတ်သောယဉ်ကျေးမှုစရိုက် လက္ခဏာအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အသိပညာစွမ်းအား ဂုဏ်သတ္တိထူးများကို ပေးနိုင်စွမ်းရှိ၊
- ❑ စာပေလက်ရာများ တည်တံ့ခိုင်မြဲဖို့ဆိုရာတွင် ရသစာပေဖြစ်စေ၊ သုတစာပေဖြစ်စေ ရေးသားပြုစုသည့် စာပေပညာရှင်၏ စေတနာက ပင်မအကြောင်းရင်းခံပင်ဖြစ်၊ စာပေရေးသားပြုစုသူတို့က စေတနာ စိတ်ရင်းကောင်းနှင့် မျှဝေဖြန့်ချီပေးနိုင်ပါမှ စာဖတ်သူတို့ကလည်း စာပေကပေးနိုင်သော ယဉ်ကျေးမှုအမွေ၊ ပညာဗဟုသုတအမွေတို့ကို အကျိုးရှိစွာရယူအသုံးချနိုင်မည်ဖြစ်၊
- ❑ တိုင်းတစ်ပါး ယဉ်ကျေးမှု၊ တိုင်းတစ်ပါးလူနေမှုဓလေ့စရိုက်အမူအကျင့်များ ဇွတ်အတင်း သွတ်သွင်းလာမှုများကို ဆန့်ကျင်ချေဖျက်နိုင်စေရန် စာပေစွမ်းအားဖြင့် ကြိုးပမ်းစွမ်းဆောင်ပေး။



ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတဉာဏ်စမ်းဖြေဆိုပွဲ (တက္ကသိုလ်အဆင့်)၌ ပထမဆုရ ဗိုလ်လောင်း ကောင်းထက်သော်အား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)



ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် (၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကဗျာပထမဆုရ မင်းသွေးနွယ်(ဇီးကုန်း) အား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)



အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် (၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပထမဆုရ တက္ကသိုလ်ဟန်မင်းဦးအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

# စာပေနယ်ပယ်သည် အခြားယဉ်ကျေးမှုနယ်ပယ်များနည်းတူ လုံခြုံစွာစောင့်ရှောက်ထားနိုင်မည့်အမျိုးသားရေးခံကတုတ်ဖြစ်



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရ ကျော်ဦးအားဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

## တစ်သက်တာဆုချီးမြှင့်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၃ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီးဦးဌေးမောင်(ဌေးမောင်) အားဆုများ ချီးမြှင့်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၃ ခုနှစ် အမျိုးသားစာပေဆုရရှိသူများဖြစ်ကြသည့် ‘နံနက်(၃)နာရီ’စာအုပ်ဖြင့် ဝတ္ထုရှည်ဆုရ ဆောင်းဝင်းလတ်၊ ‘ဖက်စိမ်းကွမ်းတောင် ရွှေဝတ္ထုတိုများ’ စာအုပ်ဖြင့် ဝတ္ထုတိုပေါင်းချုပ်ဆုရ ခင်ခင်ထူး၊ ‘မေတ္တာရိပ်နန်း ပန်းရောင်စုံကဗျာများ’စာအုပ်ဖြင့် ကဗျာပေါင်းချုပ်ဆုရ စလင်းဘုန်းကျော်၊ ‘အမျိုးသမီးစာဆိုလောကနှင့် ဘဝကြေးမုံ’စာအုပ်ဖြင့် စာပဒေသာဆုရ ဒေါ်မိမိလေး၊ ‘မြန်မာ့ရေးဟောင်းမင်စာနှင့် မြန်မာ့ယဉ်ကျေးမှု’စာအုပ်ဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေဆုရ မောင်သစ္စာ၊ ‘လောကနီတိကဗျာများ’ စာအုပ်ဖြင့် ကလေးစာပေဆုရ မြင်းမူမောင်နိုင်မိုး၊ ‘ပန်းမျိုးအလှ ပန်းအလှ’ စာအုပ်ဖြင့် လူငယ်စာပေဆုရ သန်းအောင်(အညာမြေ)၊ ‘စစ်ဘက်ခေါင်းဆောင်မှု၏ မျက်နှာဖုံး’စာအုပ်ဖြင့် ဘာသာပြန်(သုတ)ဆုရ လှိုင်သင်း၊ ‘ဝံပုလွေများနှင့်ကခုန်ခြင်း’စာအုပ်ဖြင့် ဘာသာပြန်(ရသ)ဆုရ မောင်ထွန်းသူ၊ ‘မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေး’စာအုပ်ဖြင့် သုတပဒေသာ(ဝိဇ္ဇာ)ဆုရ မကြန်၊ ‘အနန္တစကြဝဠာ၏ အနားစွန်းပေါ်သို့’ စာအုပ်ဖြင့် သုတပဒေသာ (ရိုးရိုးသိပ္ပံ) ဆုရ ကျော်ဦး၊ ‘မြန်မာ့မှတ်သုံ’ စာအုပ်ဖြင့် သုတပဒေသာ (အသုံးချသိပ္ပံ)ဆုရ နိုင်ရွှေမိုး၊ ‘ရွှေတံခါးကြီးဖွင့်ပါဦးနှင့် အခြားပြဇာတ်များ’ စာအုပ်ဖြင့် ပြဇာတ်စာပေဆုရ ကြူကြူသင်းနှင့် ‘အာရှနိုင်ငံများကိုဖွဲ့ယူ သိမ်းယူခဲ့ကြသော နယ်ချဲ့များ’စာအုပ်ဖြင့် နိုင်ငံရေးစာပေဆုရ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)တို့အား ဆုများအသီးသီး ချီးမြှင့်သည်။

***စာမျက်နှာ ၁၁ ကော်လံ ၁***





### မှတ်တမ်းတင် ဓာတ်ပုံရိုက်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီး ဦးဌေးမောင်(ဌေးမောင်)နှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**
(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ အမျိုးသားစာပေဆုရသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**
(သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ စာပေဗိမာန်စာမူဆုရသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**
(သတင်းစဉ်)

# ပဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ

## ဒေါက်တာမြတ်မြတ်အုန်းခင်

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို ၂၀၀၀ပြည့်နှစ်မှစ၍ နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ်တွင် ပဌမအကြိမ်အဖြစ် ကျင်းပပြုလုပ်သွားမည် ဖြစ်သည်။ ၂၀၀၄ ခုနှစ် ပဌမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံကို ဒီဇင်ဘာလ၁၅ရက်မှ ၁၇ရက်နေ့အထိ ရန်ကုန်မြို့တော် ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပ ပြုလုပ်မည်ဖြစ်သည်။ ပဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တစ်ပြိုင်တည်း တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲကိုလည်း ဒီဇင်ဘာ ၁၆ရက်မှ၂၅ရက်နေ့အထိတပ်မတော်ခန်းမ၌စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ ယခုနှစ်တွင် ကျင်းပမည့် ပဌမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံကို-

**(က) မြန်မာ့တိုင်းရင်းဆေးနှင့်ဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး**

**(ခ) မြန်မာ့တိုင်းရင်းဆေးဆရာများ၏စည်းလုံးညီညွတ်မှု ပိုမိုမြင့်မားရေး**

**(ဂ) မြန်မာ့တိုင်းရင်းဆေးပညာကိုပြည်သူအများယုံကြည်အားထားမှု ပိုမိုရရှိရေး**

**(ဃ) မြန်မာ့တိုင်းရင်းဆေး ပညာဖြင့် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုမြှင့်တင်ဆောင်ရွက်ရေး**

ဟူသည့် ရည်ရွယ်ချက်လေးရပ်ဖြင့် ကျင်းပသွားမည် ဖြစ်သည်။

ပဌမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ ကျင်းပရာတွင်လည်း မြန်မာ့တိုင်းရင်းဆေးများ၏ အစွမ်းအာနိသင်နှင့် ခေတ်မီစွာထုတ်လုပ်လျက်ရှိသည့် အခြေအနေကို တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် သုံးစွဲသူများ တိုက်ရိုက်ထိတွေ့သိမြင်ခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးဝါးများအပေါ် ပြည်သူများ ပိုမိုယုံကြည်သုံးစွဲလာစေရန် ရည်ရွယ်ကျင်းပ ပြုလုပ်သွားမည်ဖြစ်သည်။

ပဌမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံကို ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ အောက်ပါအတိုင်း ကျင်းပပြုလုပ်ရန် လျာထားသည်။

| | |
|---|---|
| **၁၄-၁၂-၂၀၀၄ရက်နေ့ ---** | **အကြိုညှိနှိုင်းဆွေးနွေးပွဲ** |
| **၁၅-၁၂-၂၀၀၄ရက်နေ့ ---** | **တိုင်းရင်းဆေးသမားတော်များ ညီလာခံ ဖွင့်ပွဲအခမ်းအနား အဆိုများတင်သွင်း ဆွေးနွေးခြင်း** |
| **၁၆/၁၇-၁၂-၂၀၀၄ရက်နေ့--** | **စာတမ်းဖတ်ပွဲနှင့် ပိတ်ပွဲအခမ်းအနား** |
| **၁၈/၁၉-၁၂-၂၀၀၄ရက်နေ့--** | **ကိုယ်စားလှယ်များလေ့လာရေးခရီးစဉ်** |

ပဌမအကြိမ်တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဒီဇင်ဘာ ၁၆ရက်နေ့တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ပြီး ဒီဇင်ဘာ ၂၅ရက်နေ့အထိ ၁၀ရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ စာရေးသူအနေဖြင့် ယခုနှစ် ကျင်းပမည့်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲနှင့်ပတ်သက်၍ အနည်းငယ်တင်ပြလိုပါသည်။

ပဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲအခမ်းအနားကို ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၁၅ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။ ဖွင့်ပွဲမတိုင်မီ တစ်ရက်(အကြိုညှိနှိုင်းဆွေးနွေးပွဲနေ့)တွင် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံကိုယ်စားလှယ်များကမြန်မာ့တိုင်းရင်းဆေးလောကအတွက် အကျိုးဖြစ်ထွန်းမည့် အဆိုပြုချက်များ အုပ်စုအလိုက် အဖွဲ့ငယ်များခွဲခြား၍ တင်သွင်းဆွေးနွေးကြမည်ဖြစ်သည်။ ညီလာခံဖွင့်ပွဲနေ့တွင် အဆိုပါ အဆိုပြုချက်များကို ညီလာခံတွင် တင်သွင်းဆွေးနွေးသွားကြမည် ဖြစ်သည်။ ဒီဇင်ဘာလ ၁၆ရက်နှင့် ၁၇ရက်နေ့များတွင် တိုင်းရင်းဆေးသမားတော်များ ညီလာခံ စာတမ်းများ စိစစ်ရွေးချယ်ရေးဆပ်ကော်မတီက စိစစ်ရွေးချယ်ခဲ့သော စာတမ်းများကို မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံ ကိုယ်စားလှယ်များက တင်သွင်းဆွေးနွေးကြမည်ဖြစ်သည်။

ပဌမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် ခင်းကျင်းပြသမည့် ပြခန်းများအနေဖြင့် တိုင်းရင်းဆေးဝါးများ ပိုမိုတိုးတက်ခေတ်မီလာရေးနှင့် ပြည်သူလူထုက ကျယ်ပြန့်စွာပိုမိုသုံးစွဲလာရေးအတွက် အထောက်အကူပြု ပြသနိုင်မည်ဖြစ်သည်။ ဝန်ကြီးဌာန ပြခန်းများဖြစ်သော ကျန်းမာရေးဝန်ကြီးဌာနပြခန်း၊ သစ်တောရေးရာဝန်ကြီးဌာနပြခန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနပြခန်းများ၏ ပြကွက်များသည်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုစိတ်ဝင်စားဖွယ်ကောင်းအောင် ခင်းကျင်းပြသကြမည် ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနကလည်း မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်မှု၏ ပြယုဂ်များဖြစ်သော အရှေ့တောင်အာရှ၏ အကြီးမားဆုံး တိုင်းရင်းဆေးတက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတကာနှင့် တိုင်းရင်းဆေး ကူးလူးဆက်သွယ်မှု၊ ကျန်းမာရေးပညာပေးဆောင်ရွက်နိုင်မှု၊ ရောဂါကြီးခြောက်မျိုးကုသမှုဆိုင်ရာဆေးပင်၊ သုတေသနနှင့် ဆေးပစ္စည်းများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ဖွင့်လှစ်ခဲ့သော အခြေခံ တိုင်းရင်းဆေး ပညာပေးသင်တန်းအမျိုးမျိုးနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်ပေးနိုင်မှု၊ တိုင်းရင်းဆေးညီလာခံနှင့် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကျင်းပခဲ့မှု မှတ်တမ်းများ၊ တိုင်းရင်းဆေး သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနခွဲ၏ သုတေသနစီမံချက်များနှင့် လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ဆေးပင်များစုဆောင်းပုံ၊ မျိုးမည်ဖော်ပုံပြကွက်များ အပြင် ပေပုရပိုက်မှတစ်ဆင့် အီလက်ထရွန်းနစ်ခေတ်ဆီသို့ ကူးပြောင်းလာပုံများ အပါအဝင် တိုင်းရင်းဆေး ပညာဖွံ့ဖြိုးတိုးတက်မှုတို့ကို မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျပြသ သွားမည် ဖြစ်သည်။ ထို့ပြင်မကြ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာ အသင်းနှင့် ဆေး သုတေသနဦးစီးဌာန(အောက်မြန်မာပြည်)ပြခန်းများကိုလည်း ခမ်းနား ထည်ဝါစွာ ခင်းကျင်းပြသသွားရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲတွင် **ပြခန်းပေါင်း ၁၃၀ကျော် ဖွင့်လှစ်ထားရှိပြီး နိုင်ငံတစ်ဝန်းလုံးက တိုင်းရင်းဆေးထုတ်လုပ်သူများနှင့် တိုင်းရင်းဆေးသမားတော်များကိုယ်တိုင် ပြခန်းများဖွင့်လှစ်၍ အစွမ်းထက်မြန်မာ့တိုင်းရင်းဆေးဝါးမျိုးစုံကို ဈေးနှုန်းချိုသာစွာရောင်းချပေးကြမည်** ဖြစ်သည်။ ယနေ့ခေတ်သည် တိုင်းရင်းဆေး၏ထူးခြားသောခေတ်ဟု သတ်မှတ်နိုင်သကဲ့သို့ တိုင်းရင်းဆေးကို ပိုမိုယုံကြည်လက်ခံအားပေးသူများ တစ်နေ့တခြား များပြားလာကြောင်း စာရေးသူ သတိပြုမိသည်။ တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို နှစ်စဉ် ကျင်းပရာတွင် ယခုဆိုလျှင် ပဌမအကြိမ် အထိ ကျင်းပတော့မည် ဖြစ်သကဲ့သို့ မြန်မာ့ တိုင်းရင်းဆေးဝါးများကို နိုင်ငံခြားဆေးဝါးများထက်ပိုမိုသုံးစွဲလာကြပြီဖြစ်သည်။ **နိုင်ငံတော်ကြီး ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်နေကြောင်းမျက်ဝါးထင်ထင် တွေ့မြင်နေရသော ယခုလို အချိန်တွင် မြန်မာ့တိုင်းရင်းဆေးပညာနှင့် မြန်မာ့တိုင်းရင်းဆေးဝါးများသည်လည်းနိုင်ငံတော် အစိုးရ၏ အားပေးချီးမြှင့်မှုများကြောင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းလာတော့မည်ဖြစ်ကြောင်း**ပဌမ အကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို ဂုဏ်ပြုကြိုဆိုရေးသားလိုက်ရပါသည်။ ။

---

ပြခန်းပေါင်း ၁၃၀ကျော် ဖွင့်လှစ်ထားရှိပြီး နိုင်ငံတစ်ဝန်းလုံးက တိုင်းရင်းဆေး ထုတ်လုပ်သူများနှင့် တိုင်းရင်းဆေး သမားတော်များ ကိုယ်တိုင်ပြခန်းများ ဖွင့်လှစ်၍ အစွမ်းထက်မြန်မာ့တိုင်းရင်းဆေးဝါးမျိုးစုံကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးကြမည်။

---

ပဌမအကြိမ်

**မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများညီလာခံ**

(၁၅-၁၂-၂၀၀၄) မှ

(၁၇-၁၂-၂၀၀၄)

ကျိုက္ကဆံကွင်း၊ ပြည်ထောင်စုခန်းမ

---



ညောင်ဦးမြို့နယ်စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်၌ စိန္တာမုနိစေတီတော်ကြီးအား စဥ့်ကူမြို့ မဟာဝိသုတာရုံ ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တဥတ္တမကို အမှူးထားပြီး ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)က ကြီးမှူး၍ အင်းစိန်မြို့ မြို့သစ်(က+ခ)ရပ်ကွက် က-၄လမ်း အမှတ် ၂၅၂နေ ဦးအောင်မြင့်-ဒေါ်အမာဆွေ မိသားစုက ငွေကျပ်၁၀သိန်း အကုန်အကျခံကာ လုံးတော်ပြည့် ရွှေဆေးသင်္ကန်းနှင့် မဟာရုံတံတိုင်း ထုံးသင်္ကန်းကပ် လှူပူဇော်ပွဲ ရေစက်ချအခမ်းအနားကို ဒီဇင်ဘာ ၅ရက်က အဆိုပါ စေတီတော်ရင်ပြင် အာရုံခံတန်ဆောင်း၌ကျင်းပရာ အလှူရှင် ဦးအောင်မြင့်-ဒေါ်အမာဆွေ မိသားစုက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

---

## ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းပါစေ

* မြန်မာဦးစီး၊ ထိပ်သီးကမ္ဘာ့
ဗုဒ္ဓဘာသာ၊ ညီလာခံကြီး
ကောင်းချီးခြိမ့်ညံ၊ နိုင်ငံတကာ
ပါဝင်ကာဖြင့်၊ ညီညာဖြဖြ
ဆွေးနွေးကြလျက်၊ ကမ္ဘာ့ပြည်ရွာ
အဖြာဖြာကို၊ သာယာငြိမ်းချမ်း
ဘေးမသန်းရန်၊ စေတနာမှန်ဖြင့်
ရည်သန်အားထုတ်၊ ကြိုးကုတ်ဆင်ယင်
ပွဲသဘင်ကြီး၊ ပြောင်ပြောင်ညီးကား
ပြီးစီးအောင်မြင်ခဲ့ပါပြီ။

* ညီလာခံကြီး၊ ကောင်းချီးသြဘာ
မြတ်စွာဗုဒ္ဓ၊
ဟောညွှန်ပြသည့်၊ ထေရဝါဒ
ဓမ္မဒေသနာ၊ ရှိန်အဝါ
ကမ္ဘာဖြန့်ကြက်ပါစေသတည်း။

* မြတ်ဗုဒ္ဓ၏
ထေရဝါဒ၊ ဓမ္မဒေသနာ
ကမ္ဘာတစ်ဝန်း၊ ခြုံကာလွှမ်း
ငြိမ်းချမ်းပါစေသတည်း။ ။

ရွှန်းမြဲအောင်

---



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရန်ကင်းမြို့နယ် (၉)ရပ်ကွက် သာသနဟိတကာရီ ဓမ္မာရုံ ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ရက်က ကျင်းပရာ အကျိုးဆောင် ဥက္ကဋ္ဌ ဦးဝင်းကြည်နှင့် အလှူရှင် ဦးချိုလေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုရသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

### ဆုများပေးအပ်

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ၂၀၀၃ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုရှည်ပထမဆုရ 'အိပ်မက်လှလှမက်ပါစေ' စာမူရေးသားသူ အောင်လင်းလတ်(ဥက္ကလာ)၊ ဝတ္ထုရှည်ဒုတိယဆုရ 'လင်းလက်ကြယ်တို့ ပျော်ရာမြေ' စာမူရေးသားသူ တွင်းကြီးသားတင်ဝင်းဦးနှင့် ဝတ္ထုရှည်တတိယဆုရ 'ပုံတောင်သားတို့၏ဂုဏ်ဆောင်ဓား' စာမူရေးသားသူ အောင်သူရိန်(ပုလဲ)တို့အားလည်းကောင်း၊ စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ 'အောင်စေပိုင်စေနှင့်အခြားဝတ္ထုတိုများ'စာမူရေးသားသူ မြေလတ်မင်းလွင်၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ 'နှလုံးသားရွှေအမြုတေ' စာမူရေးသားသူ နေစိုးသော်နှင့် ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ 'ပြုံးပန်းတစ်ရာပွင့်ရာပြီလေနှင့် အခြားဝတ္ထုတိုများ' စာမူရေးသားသူ သက်သက်လင်း(ပညာရေး)တို့အားလည်းကောင်း ဆုများအသီးသီးပေးအပ်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၃ခုနှစ် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် ပထမဆုရ 'နှင်းနုညအလှဖူးသစ်'ကဗျာများ စာမူရေးသားသူ ဓာနည်ကိုယ်စား ဦးကျော်ဇော်လင်း၊ ကဗျာပေါင်းချုပ် ဒုတိယဆုရ 'အရိမဒ္ဒနတိုင်း အနှိုင်းမဲ့ရွှေပြည်'စာမူရေးသားသူ တင်ထွန်း(ချောက်)နှင့် ကဗျာပေါင်းချုပ် တတိယဆုရ 'နရဏီကဗျာများ' စာမူရေးသားသူ မကျည်းတန်(လှိုင်ကော်)တို့အားလည်းကောင်း၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်)ပထမဆုရ 'အမျိုးသမီးများသိမှတ်ဖွယ်ရာ ဥပဒေရေးရာ'စာမူရေးသားသူ သတင်းထောက်သောင်းညွှန့်(ဖျာပုံ)၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်)ဒုတိယဆုရ 'ပင်းယ၊ အင်းဝခေတ် မြန်မာစာပေ'စာမူရေးသားသူ ထန်လှိုင်းနှင့် သုတပဒေသာ(ဝိဇ္ဇာပညာရပ်)တတိယဆုရ 'စာပေဗိမာန်စာတမ်းများ တစေ့တစောင်း' စာမူရေးသားသူ ယမင်းတို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ၂၀၀၃ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံ) ပထမဆုရ 'သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးတိုးတက်ရေးမှသည် e-Governmentဆီသို့' စာမူရေးသားသူ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံ)ဒုတိယဆုရ 'ဘေးကင်းစာကို စားကြစို့' စာမူရေးသားသူ ဒေါက်တာတင်တင်မြိုင်နှင့် သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံ) တတိယဆုရ 'ငွေရောင်လူသားများ' စာမူရေးသားသူ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)တို့အားလည်းကောင်း၊ စာပေဗိမာန်စာမူဆု စာပဒေသာ ပထမဆုရ'မြို့မဆရာကြီး ဦးဘလွင်(သို့မဟုတ်)အမျိုးသားပညာရေး နိဒါန်းအစ'စာမူရေးသားသူ မြို့မမြင့်ကြွယ်၊ စာပဒေသာဒုတိယဆုရ 'လူမှုစီးပွား၊ စက်မှုနှင့်ပတ်ဝန်းကျင်'စာမူရေးသားသူ ရွှေနဂါးတင်ဝင်းနှင့်စာပဒေသာ တတိယဆုရ'မြင်စိုင်းအလွန်'စာမူရေးသားသူ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)တို့အားလည်းကောင်းဆုများချီးမြှင့်သည်။

### စာပေဗိမာန်ဆုများချီးမြှင့်

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက စာပေဗိမာန်စာမူဆုနှင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ပထမဆုရ 'မေယုတောင်စွယ်ကြားမှ သွေးချင်းမောင်မယ်များ'စာမူရေးသားသူ သျှင်ထွေးမယ်(မနုဿ)၊ အနုပညာဆိုင်ရာစာပေ ဒုတိယဆုရ(ကမ္ဘာ့ဂီတသင်္ကေတသမိုင်း) စာမူရေးသားသူ သက်နွယ်(ယဉ်ကျေးမှုတက္ကသိုလ်)နှင့် အနုပညာဆိုင်ရာစာပေတတိယဆုရ 'ရုပ်ရှင်သမိုင်းနှင့်မြန်မာ့ရုပ်ရှင်မှတ်တမ်း' စာမူရေးသားသူ အေးအေးစိုး(ဖျာပုံ)တို့အားလည်းကောင်း၊ စာပေဗိမာန်စာမူဆု ကလေးစာပေ ပထမဆုရ 'ကလေးများအတွက် ပတ်ဝန်းကျင်မှလျှပ်စစ်သုတ' စာမူရေးသားသူ သိပ္ပံစိုးမြင့်နိုင်၊ ကလေးစာပေ ဒုတိယဆုရ 'ရတနာဆည်းလည်း မြမျက်ရွဲကဗျာများ' စာမူရေးသားသူ မောင်သက်နှင်း(မြောက်ဥက္ကလာပ)နှင့်ကလေးစာပေ တတိယဆုရ 'ကဗျာလည်းသင် ပညာသင်' စာမူရေးသားသူ ပန်းတနော်နောင်လတ်တို့အားလည်းကောင်း၊ စာပေဗိမာန်စာပေဆု လူငယ်စာပေ ဒုတိယဆုရ 'မြေကိုလျှို၍ မိုးကိုပျံမည်' စာမူရေးသားသူ ပုသိမ်အောင်သန်းဦးတို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ၂၀၀၄ခုနှစ် (၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ၌ ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ 'လူမှုလေးချက် ဒို့ထမ်းရွက် တွဲလျက်ညီစွာ ပြည်မြန်မာ' စာမူရေးသားသူ မွေးနံ့သာ(မဟာသိပ္ပံ)၊ ဒုတိယဆုရ 'လူမှုဖွံ့ဖြိုးတိုးတက်သာယာ ပြည်မြန်မာ' စာမူရေးသားသူ မူဆယ်ဝေါင်းခမ်းနှင့် တတိယဆုရ 'လေးရပ်လူမှုအခြေပြု၍ အရောက်လှမ်းမည် ရွှေပြည်သစ်ဆီ' စာမူရေးသားသူ ယဉ်နွေထား(ဥပဒေ)တို့အားလည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် ပထမဆုရ 'အမျိုးသားအမွေစစ်နှင့် ရွှေခေတ်မြန်မာ' စာမူရေးသားသူ မင်းသွေးနွယ်(ဇီးကုန်း)၊ ဒုတိယဆုရ 'သမိုင်းရှိစွ မြန်မာ့သွေး' စာမူရေးသားသူ ဝင်းဝေနောင်နှင့် တတိယဆုရ 'ဝန်းရံလက်တွဲ ခိုင်မြဲသစ္စာကမ္ဘာတည်' စာမူရေးသားသူ မောင်မောင်သက်ထွန်း(လှော်ကား)တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။



၂၀၀၃ခုနှစ် အတွက်အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန် စာမူဆုနှင့် (၁၅)ကြိမ်မြောက် အ မျိုး သား ရေး ဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူများ၏ကိုယ်စား အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီး ဦးဌေးမောင်(ဌေးမောင်)က ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

### အမျိုးသားရေးဆောင်ပုဒ်

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ၂၀၀၄ခုနှစ် (၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ၌ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရ 'ထိပ်ဆုံးမှာချိတ်ထားမယ်' ဝတ္ထုတိုရေးသားသူ မာဃိန္ဒ(ပုသိမ်ကြီး)၊ ဒုတိယဆုရ 'ကေသရာဇာ'ဝတ္ထုတို ရေးသားသူ မူဆယ်ဝေါင်းခမ်းနှင့် တတိယဆုရ 'လမင်းသာလို့ကြယ်စင်ဝင်း' ဝတ္ထုတိုရေးသားသူ ရွှေညာသားမြတ်မင်းတို့အားလည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ တက္ကသိုလ်ဟန်မင်းဦး(Best Photo)၊ ဒုတိယဆုရ ဦးပြည်စိုးထွန်း(ပန်းချီ)နှင့် တတိယဆုရ ရွှေအင်းသားခင်မောင်ဝင်းတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ၂၀၀၄ခုနှစ် (၁၅)ကြိမ်မြောက် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ၊ တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် သိပ္ပံအဆင့်ပြိုင်ပွဲတွင် ပထမဆုရ တပ်မတော်နည်းပညာတက္ကသိုလ် စတုတ္ထနှစ်(ဘီအီး)မှ ဗိုလ်လောင်း ကောင်းထက်သော်၊ ဒုတိယဆုရ ဆေးတက္ကသိုလ်(၂) တတိယနှစ် အမ်ဘီဘီအက်စ်မှ မောင်သီဟထွန်းနှင့် တတိယဆုရ တပ်မတော်နည်းပညာတက္ကသိုလ် ဒုတိယနှစ်(ဘီအီး)မှ ဗိုလ်လောင်း မြတ်ကိုကိုတို့အားလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲ အခြေခံပညာအထက်တန်းအဆင့်ပြိုင်ပွဲ တွင် ပထမဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်းမှ မနှင်းယုထွေး၊ ဒုတိယဆုရ ပဲခူးတိုင်း(အရှေ့)တောင်ငူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မဆန်းစန္ဒာဝင်းနှင့် တတိယဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းမှ မငုဝါတို့အားလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စွမ်းပြိုင်ပွဲ အခြေခံပညာအလယ်တန်းအဆင့်တွင် ပထမဆုရ ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ မောင်ကျော်ခိုင်ထက်၊ ဒုတိယဆုရ ကျောက်တန်းမြို့ မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ မသဇင်သက်စုတင်နှင့် တတိယဆုရ မွန်ပြည်နယ် သံဖြူဇရပ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မနော်ဖြူဖြူတင်တို့အားလည်းကောင်း ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဆုရရှိကြသူများကိုယ်စား ၂၀၀၃ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုရ ဦးဌေးမောင်(ဌေးမောင်)က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဆုရရှိကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် အမျိုးသားစာပေ တစ်သက်တာဆုရ ဦးဌေးမောင် (ဌေးမောင်)နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် အမျိုးသားစာပေဆုရ ပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ စာပေဗိမာန် စာမူဆုရပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုရသူများနှင့်လည်းကောင်း စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

## မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်း သန်လျင်မြို့နယ် အောင်ချမ်းသာ(၂)ရပ်ကွက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် ဒီဇင်ဘာ ၂၂ရက်မှ ၂၈ရက်အထိ ခုနစ်ရက် တရားစခန်းကျင်းပမည်ဖြစ်ရာ တရားစခန်းပွဲတွင် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နယ်လှည့်သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တခေမာစာရ အရှင်သူမြတ်က ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်း ဝင်လိုသူများသည် ဖုန်း-၀၅၆-၂၁၆၂၅နှင့် သန်းဦးဆေးဆိုင် ဖုန်း-၇၂၄၀၅၆ တို့သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

## လက်ပံတန်းကျောင်းသားကျောင်းသူဟောင်းများအာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

လက်ပံတန်းမြို့ပေါ်ရှိ အထက(၁)၊(၂)နှင့် အလကကျောင်းများတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားကြသော အသက်(၇၀)နှင့် အထက် ဆရာကြီး ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို စုပေါင်းပြုလုပ်ကြမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲကို လက်ပံတန်းမြို့ အထက(၁) နဝဒေးခန်းမ၌ ဒီဇင်ဘာ ၂၅ရက်(စနေနေ့)နံနက် ၁၀ နာရီတွင်ကျင်းပမည်ဖြစ်ရာ အလှူငွေများထည့်ဝင်လိုသူများနှင့်လက်ပံတန်းမြို့သို့ လိုက်ပါလိုသူများသည် ရန်ကုန်မြို့ ဒေါ်စန်းနွဲ့ ဖုန်း-၆၆၄၆၁၇၊ ဦးတင့်လွင် ဖုန်း-၂၈၁၄၆၃၊ ၂၀၀၆၆၃၊ ဦးတင်မောင်ဦး ဖုန်း-၂၄၅၂၈၅၊ ဒေါ်ခင်သစ်ဆွေ ဖုန်း-၆၄၂၈၇၈နှင့် လက်ပံတန်းမြို့ ဦးမောင်မောင်(ရောင်နီဦးမိတ္တူ)တို့သို့ ဆက်သွယ်လှူဒါန်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



ရန်ကုန်မြို့ အလုံမြို့နယ် ဗဟိုလမ်း မနော်ဟရီရိပ်သာ တိုက် H-301နေ ဒုတိယဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း)-ဒေါ်တင်တင်မြ မိသားစုက ဒေါ်တင်တင်မြ၏ အသက်(၈၀)ပြည့် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စာမျက်နှာ ၆ မှ

နိုင်ငံတော် အစိုးရပိုင်းက လိုအပ်သည့် အားပေးမှု၊ အထောက်အကူပြုမှုများနှင့် အခြေအနေကောင်းများကိုသာ ဖန်တီးပေးနိုင်ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုသည် ဒေသခံပြည်သူများပင်ဖြစ်၍ ဒေသမှာရှိပြီးဖြစ်သည့် သဘာဝအရင်းအမြစ်များနှင့် နိုင်ငံတော်က တည်ဆောက်ပေးသည့် လမ်း၊ တံတားနှင့် ဆည်မြောင်းစသည့် အခြေခံ အဆောက်အအုံများကို ထိထိရောက်ရောက် အသုံးချပြီး မိမိတို့၏ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို ရခိုင်ပြည်နယ်သူ ပြည်နယ်သားများက ယခုထက်ပိုမို ကြိုးပမ်းလုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်နှင့်အတူ ပူးပေါင်းလက်တွဲပြီး တက်ညီလက်ညီ အလုပ်လုပ်ကြပါဟု အခွင့်သင့်ချိန်တွင် မှာကြားလိုကြောင်း။

## ဝိုင်းဝန်းစောင့်ရှောက်

နိဂုံးချုပ်အနေဖြင့် ယနေ့ဖွင့်လှစ်သည့် သံသမကြီးတံတားကို ကြိုးစားပမ်းစား တည်ဆောက်ပေးခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာနကတာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးကို နိုင်ငံတော်ကိုယ်စား မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် သံသမကြီးတံတား ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်း စောင့်ရှောက်ပေးကြပါဟု တိုက်တွန်း မှာကြားကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းက တံတားဆောက်လုပ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်လိုက်သည့် သံသမကြီးတံတားသည် ရခိုင်ပြည်နယ်အတွင်း ၃၁စင်းမြောက် အခိုင်အမာတံတားကြီးအဖြစ် မှတ်တမ်းတင်နိုင်ပြီဖြစ်ကြောင်း၊ ထို့အပြင် မအီ-ကျောက်ဖြူကားလမ်းမကြီးပေါ်တွင် ခြောက်စင်းမြောက် ပေါ်ထွန်းလာသည့် ပေ၁၈၀အထက် အခိုင်အမာတံတားကြီးလည်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးခက်ခဲရာ မိမိတို့လက်ထက်တွင် တိုးတက်အောင်ဆောင်ရွက်မည်ဟု လမ်းညွှန်မှာကြားခဲ့ကြောင်း။

ထို့ကြောင့် ပြည်မနှင့်ဆက်သွယ်ရာတွင်လည်းကောင်း၊ ပြည်နယ်အတွင်း ဆက်သွယ်ရာတွင်လည်းကောင်း၊ လမ်းကြောင်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ရခိုင်ပြည်နယ်အတွင်း ပေါများလှသည့် မြစ်ချောင်း၊ တောင်တန်းများကို ဖြတ်ကျော်ပြီး အခက်အခဲများကို ကျော်လွှားကာ ကားလမ်းများ၊ တံတားများ ဖောက်လုပ်တည်ဆောက်နေသည်ကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်ရမှာ ဖြစ်ကြောင်း။

ယခု သံသမကြီးတံတားဖွင့်လှစ်လိုက်နိုင်ခြင်းဖြင့် ကျောက်ဖြူဒေသနှင့် မအီကို ဆက်သွယ်သွားလာနိုင်မှု ပိုမိုလွယ်ကူလာစေပြီး တည်ဆောက်ဆဲတံတားလေးစင်းပြီးမြောက်သွားလျှင် ကျောက်ဖြူဒေသအတွက် ရာသီမရွေးဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

## ဝိုင်းဝန်းထိန်းသိမ်း

နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ်အပေါ် စေတနာအပြည့်အဝထားကာ အရင်းအနှီးမြောက်မြားစွာဖြင့် လမ်း၊ တံတား၊ ဆေးရုံ၊ ကျောင်းစသည့် အခြေခံအဆောက်အအုံများအား တည်ဆောက်ပေးပြီး ဖြစ်သဖြင့် တာဝန်ရှိသူများနှင့် ဒေသခံ မိဘပြည်သူများက ရေရှည် ခိုင်မြဲစွာ ရပ်တည်နေနိုင်အောင် စောင့်ရှောက်ကြရန်နှင့် အကျိုးရှိရှိ အသုံးချကြရန်လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး သံသမကြီးတံတားကို ငွေကြေးများစွာအကုန်အကျခံ တည်ဆောက်ပေးခဲ့သည့် နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဒေသခံပြည်သူများနှင့်အတူ ကျေးဇူးဆပ်သည့်အနေဖြင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးကို ဝိုင်းဝန်းထိန်းသိမ်းပေးပါမည်ဟု ကတိပြုပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက တံတားတည်ဆောက်ပေးမှုနှင့် ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် တံတားထိပ်တွင်နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် တိုင်းမှူးဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်းတို့က သံသမကြီးတံတားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် သံသမကြီးတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

## ဖြတ်သန်းကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများသည် တံတားကြီးကို ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ သံသမကြီးတံတားကြီးမှာ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ရန်ကုန်- ကျောက်ဖြူ ကားလမ်းမကြီးပေါ်၌တည်ရှိပြီး တံတားအမျိုးအစားမှာ သံပေါင်တပ် သံကူကွန်ကရစ်ဖြစ်သည်။ တံတား၏အရှည်ပေ ၅၅၂ ဒသမ ၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ ဖြစ်သည်။ တံတား၏တစ်ဖက်တစ်ချက်၌ သုံးပေစီအကျယ်ရှိသည့် လူသွားလမ်းပါရှိသည်။ တံတားအောက်ရေလမ်း ကင်းလွတ်နယ်မြေမှာ အကျယ် ၁၁၁ပေ၊ အမြင့် ခြောက်ပေဖြစ်သည်။ ခွင့်ပြုယာဉ်တန်ချိန်မှာ မော်တော်ယာဉ် တစ်စီးချင်း တန်၆၀ ဖြစ်သည်။ တံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးအထူးအဖွဲ့ (၁၃)က ၂၀၀၂ခုနှစ် အောက်တိုဘာ ၁ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

**(သတင်းစဉ်)**





# မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကော်မတီဝင်များ ဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယစစ်ထောက်ချုပ် ဗိုလ်မှူးကြီးမြင့်အုန်း၊ အမှတ်(၂) တပ်ထိန်းတပ်(ရေ) တပ်မှူး ဗိုလ်မှူးတင်ထွဋ်အေး၊ ညွှန်ကြားရေးမှူးချုပ် ဦးသိုက်ထွန်း၊ ညွှန်ကြားရေးမှူးများ ဖြစ်ကြသော ဦးဘော်ထင်၊ ဦးဇော်ဝင်းရွှေ၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်တို့ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။ **(အပေါ်ပုံ)**

## စစ်ဆေး

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ **(သတင်းစဉ်)**

# သုခါဝါသဓမ္မရိပ်သာ မိုးကုတ်ဝိပဿနာ ၁၀ရက် တရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် မိုးကုတ်ဝိပဿနာပြန့်ပွားရေးအဖွဲ့ခွဲ(၁၈၁)သုခါဝါသဓမ္မရိပ်သာတွင် အကြိမ် (၅၀) မြောက် ၁၀ ရက် တရားစခန်းပွဲကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းစခန်းပွဲတွင် သုဝဏ္ဏမြို့ သုဝဏ္ဏသီဂီကျောင်း ဆရာတော် ဦးကစ္စာယန(သာသနဓဇ ဓမ္မစရိယ မဟာကမ္မဋ္ဌာနာစရိယ အဖွဲ့ချုပ် ပဓာနနာယက)အရှင်သူမြတ်က မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါးတရားတော်များကို ခန္ဓာအရှိဖြစ်ပျက်နှင့် ဉာဏ်အသိ မဂ်ကိုက်အောင် ဟောကြားပြသမည်ဖြစ်ကြောင်းသိရသည်။

**(က-ပ)**

# မဇ္ဈိမဂုဏ်ရည်ဆရာတော် ဓမ္မသဘင်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်း သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တကောဝိဒ အရှင်မြတ်သည် ဒီဇင်ဘာ ၁၅ရက်နှင့် ၁၆ရက် ည ၈နာရီတွင် သာကေတမြို့နယ် ၃/ရန်ပြေ ဗုဒ္ဓဝေယျာဝစ္စဓမ္မာရုံ ဓမ္မသဘင်၊ ၁၇ရက် ည၈နာရီတွင် အနော်မာ ၁၅လမ်း ဓမ္မသဘင်၊ ၁၈ ရက် ည၇နာရီတွင် အလုံမြို့နယ် သစ်တောရပ်ကွက်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းလောင်းအသင်း ဓမ္မသဘင်၊ ၁၉ရက် ည၈နာရီတွင် မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဘုမ္မာလမ်း ဓမ္မသဘင်၊ ၂၃ရက် ညနေ ၄နာရီတွင် မဇ္ဈိမဂုဏ်ရည်မဟာစည်ရိပ်သာဓမ္မသဘင်၊ ၂၄ရက် ည ၈နာရီတွင် သာကေတမြို့နယ် ၃/မာန်ပြေ မာရဝိဇယဓမ္မာရုံ ဓမ္မသဘင်၊ ၂၇ရက် ည ၈နာရီတွင် ဒေါပုံမြို့နယ် မြို့နယ်ဓမ္မာရုံ ထေရဝါဒဗုဒ္ဓသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း ဓမ္မသဘင်၊ ၂၈ရက် ည ၈နာရီတွင် ၃/မာန်ပြေ မာရ ဝိဇယဓမ္မာရုံ ဓမ္မသဘင်၊ ၃၀ရက်နှင့် ၃၁ရက် ညနေ၄နာရီတွင် မဇ္ဈိမဂုဏ်ရည် တရားစခန်းဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

**ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ရန်ကုန်-ကျောက်ဖြူ ကားလမ်းမကြီးပေါ်တည်ရှိသည့် သံပေါင်တပ်သံကူကွန်ကရစ် အမျိုးအစား သံသမကြီးတံတားကို ညမီးရောင်စုံများဖြင့် တွေ့ရစဉ်။**

(သတင်းစဉ်)





ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း(ဗဟန်း ၃လမ်းမှတ်တိုင်အနီး)တွင် ဦးလှမြင့်-ဒေါ်ခင်အေးမော်၊ သမီး မသူဇာမြင့် အမှတ် ၂၆၈ ပန်းဆိုးတန်းမှ အက်ဖ်အီးစီ ၂၀၀ ကို အတွင်းရေးမှူး ဦးသိန်းထိုက်ဦးသို့ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)



မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အနိုင်ရဗိုလ်စွဲသွားသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

## အုပ်စု(ခ)အနိုင်အရှုံးနှင့်ရပ်တည်မှု

ဖိလစ်ပိုင် ၀ - ၁ မြန်မာ
အရှေ့တီမော ၀ - ၅ မလေးရှား
ထိုင်း ၁ - ၁ မြန်မာ

မလေးရှား ၄ - ၁ ဖိလစ်ပိုင်
အရှေ့တီမော ၀ - ၈ ထိုင်း
မလေးရှား ၀ - ၁ မြန်မာ

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | သွင်း | ပေး | ရမှတ် |
|---|---|---|---|---|---|---|---|
| မြန်မာ | ၃ | ၂ | ၁ | - | ၃ | ၁ | ၇ |
| မလေးရှား | ၃ | ၂ | - | ၁ | ၉ | ၂ | ၆ |
| ထိုင်း | ၂ | ၁ | ၁ | - | ၉ | ၁ | ၄ |
| ဖိလစ်ပိုင် | ၂ | - | - | ၂ | ၁ | ၅ | ၀ |
| အရှေ့တီမော | ၂ | - | - | ၂ | ၀ | ၁၃ | ၀ |

● ကျောဖုံးမှ

အနိုင်ရရှိသွားသည်။ မြန်မာအသင်းသည် ထိုင်းအသင်းကို တစ်ဂိုးစီ သရေကစားခဲ့သည့်ခြေစွမ်းထက် ပိုမိုကောင်းမွန်စွာကစားပြီး အိမ်ရှင်မလေးရှားအသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပွဲအစမှအဆုံး ကစားအားမကျဘဲ မလေးရှားကို ခြေအသာစီးမှကစားပြီး ထိုက်ထိုက်တန်တန် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်း၌ တိုက်စစ်မှူးမပါဝင်ဘဲ တစ်သင်းလုံးဆင်း၊ တစ်သင်းလုံးတက် ကစားကာ မလေးရှားအသင်း ကစားကွက် တည်မရအောင် ကစားခဲ့၍ မလေးရှားအသင်း ထင်တိုင်းမပေါက်ဘဲ လက်မှိုင်ချခဲ့ရသည်။

### အနိုင်ဂိုး

မြန်မာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲစ၍ ၁၉ မိနစ်အကြာတွင် ဘယ်တောင်ပံမှ မင်းသူ ဂိုးရှေ့သို့အမြောက်ကန်ပို့သော ဘောလုံးကို မလေးရှားဂိုးသမားနှင့် အသင်းခေါင်းဆောင် စိုးမြတ်မင်းတို့ အပြိုင် ခေါင်းခုန်တိုက်စဉ် ပြန်ကျလာသည့် ဘောလုံးကို စိုးမြတ်မင်းကပင် ကန်သွင်းယူ၍ ဂိုးရရှိခဲ့သည်။ မြန်မာအသင်းသည် အနိုင်ဂိုးရရှိပြီးနောက် တိုက်စစ်အားကို ဆက်လက်မြှင့်တင်ခဲ့ရာ မလေးရှားအသင်း ကစားကွက်မတည်နိုင်ဘဲ မြန်မာအသင်း ကစားကွက်နောက်မှ လိုက်ကစားနေခဲ့ရသည်။

### ဒုတိယပိုင်း

မြန်မာအသင်းသည် ယခင်နိုင်ငံတကာပြိုင်ပွဲများ၌ ကစားပုံနှင့်မတူဘဲ ထိမထင်သောစိတ်ဓာတ်ဖြင့် တိုက်စစ်ဖွင့်ကစားသွားရာ အိမ်ရှင်မလေးရှားအသင်း ခံစစ်အသွင်သာ ကစားနေရသည်။ မလေးရှားအသင်းက အနိုင်ရရှိရေးအတွက် အထူးအားထည့်ကစားကာ တန်ပြန်တိုက်စစ်ဖြင့် ဂိုးသွင်းရန် ကြိုးစားသော်လည်း မြန်မာအသင်းနောက်တန်းလူများက အမှားအယွင်းမရှိအောင် တည်ငြိမ်စွာဖျက်ကစားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် လာကျဲအိုလွယ်အစား မျိုးလှိုင်ဝင်းကို လူစားလဲကစားရာ မြန်မာအသင်း ဂိုးထပ်မံရရှိနိုင်သည့် အခွင့်အလမ်းများ ပေါ်လာခဲ့သည်။ မျိုးလှိုင်ဝင်းဝင်လာပြီး မကြာမီ ပွဲချိန် ၇၉ မိနစ်တွင် မျိုးလှိုင်ဝင်း တစ်ဦးတည်း လွတ်လွတ်ကျွတ်ကျွတ်ဘောလုံးရသွားပြီး ကန်သွင်းရာ မလေးရှားဂိုးသမားရှေ့ထွက် ကာကွယ်ခဲ့၍ သေချာပေါက်တစ်ဂိုး နစ်နာခဲ့ရသည်။

ပွဲပြီးရန် နီးကပ်လာချိန်တွင် ထိခိုက်ဒဏ်ရာရရှိသွားသော မင်းသူအစား အောင်ကျော်မြင့်၊ အလယ်တန်းလူ မျိုးမင်းထွန်းအစား ဇော်လင်းထွန်း(၁)တို့ကို လူစားလဲ၍ ကစားခဲ့သည်။

မြန်မာအသင်းသည် စိတ်ဓာတ်တည်ငြိမ်စွာဖြင့် ကွက်ပြည့်နင်းပြီး ကစားခဲ့ရာ မြန်မာပရိသတ်များ အထူးသဘောကျ ကျေနပ်ခဲ့ကြသည်။ ပွဲအပြီးတွင် မြန်မာအသင်းက အိမ်ရှင်မလေးရှားအသင်းကို အနိုင်ရရှိသွားရာ မြန်မာပရိသတ်များအားလုံး (ဒို့မြန်မာနိုင်ပြီ)စာတန်းဖြင့် ဝမ်းသာပျော်မြူးခဲ့ကြသည်။

### သူတို့ပါဝင်

မလေးရှားအသင်းကို အနိုင်ကစားသွားသော မြန်မာအသင်းတွင် **(ဂိုး)** အောင်အောင်ဦး၊ **(နောက်တန်း)** မင်းသူ(အောင်ကျော်မြင့်)၊ ဇော်လင်းထွန်း(၂)၊ မိုးကျော်သူ၊ ခင်မောင်ထွန်း၊ **(အလယ်တန်း)** ကျော်ခိုင်ဝင်း၊ လာကျဲအိုလွယ်(မျိုးလှိုင်ဝင်း)၊ အောင်ကျော်မိုး၊ စိုးမြတ်မင်း၊ မျိုးမင်းထွန်း(ဇော်လင်းထွန်း -၁)၊ **(ရှေ့တန်း)**ဇော်ဇော်တို့ ပါဝင်ကစားခဲ့ကြသည်။

### ယနေ့ပွဲ

ဒီဇင်ဘာ ၁၃ရက်**(ယနေ့)** ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ သောင်နက်အားကစားကွင်း၌ အုပ်စု(က)ပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ပထမပွဲစဉ်အဖြစ် စင်ကာပူအသင်းနှင့် လာအိုအသင်း၊ ဒုတိယပွဲစဉ်အဖြစ် အင်ဒိုနီးရှားအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။

**(မြန်မာ့အလင်း)**



## မြန်မာ့ရုပ်မြင်သံကြား

**၁၃-၁၂-၂၀၀၄**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၇။ အဆိုပြိုင်ပွဲ
၈း၃၀ ၈။ International News
၈း၄၅ ၉။ Grammar made easy

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading.
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ (ဒုတိယနှစ်- ဓာတုဗေဒ၊ ရူပဗေဒ၊သတ္တဗေဒအထူးပြုများ) (ဓာတုဗေဒ)
၁၇း၁၅ ၆။ အကပဒေသာ
၁၇း၃၀ ၇။ တေးသရုပ်ဖော်အစီအစဉ်
၁၇း၄၀ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအဆိုအကများ
၁၇း၅၀ ၉။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၅၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၈း၀၅ ၁၁။ Discovery
၁၈း၁၀ ၁၂။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၄၉)
၁၈း၃၀ ၁၃။ ညနေခင်းသတင်း
၁၉း၀၀ ၁၄။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၅။ တေးဂီတအစီအစဉ်
၁၉း၁၅ ၁၆။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉း၃၀ ၁၇။ Marvels of the Shwedagon Pagoda
၁၈။ Islands of Dhamma
၂၀း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"**အပိုင်း-၂၀)



**မီးဘေးရှောင် မလောင်ခင်တား**

## အမျိုးသားတံခွန်စိုက် ဝါတာပိုလိုပြိုင်ပွဲ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းဗိုလ်စွဲ

ရန်ကုန် ဒီဇင်ဘာ ၁၂

**၂၀၀၄ ခုနှစ် အမျိုးသားတံခွန်စိုက် ဝါတာပိုလိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီမှစ၍ အမျိုးသားရေကူးကန်တွင်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အတွင်းရေးမှူး ဒေါ်အေးအေးနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင့်ဆန်း၊ ဦးကျော်စိုးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။**

ဗိုလ်လုပွဲအဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်(က)အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းက ခုနစ်ဂိုး- ခြောက်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ တတိယနေရာလုပွဲတွင် အဏ္ဏဝါလူငယ်အသင်းက ကုက္ကိုင်းအသင်းကို ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ယခုပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကွာတားဖိုင်နယ်၊ အကြိုဗိုလ်လုပွဲ၊ ဗိုလ်လုပွဲစနစ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

### ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရေးဦးစွာ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်းက တတိယဆုရ အဏ္ဏဝါလူငယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားကျပ် သုံးသောင်းကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ဒုတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်(က)အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားကျပ်ငါးသောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမဆုရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားကျပ် တစ်သိန်းတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

### ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပထမဆုရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်သည်။

**(မြန်မာ့အလင်း)**

## ၂၀၀၄ ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၂

**မြန်မာနိုင်ငံ ကာယဗလနှင့်ကာယအလှအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၄ ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းကမ်းချက်များကို ထုတ်ပြန်ကြေညာထားသည်။**

### ဝင်ရောက်ယှဉ်ပြိုင်နိုင်

**ပြိုင်ပွဲတွင် မောင်မြန်မာ(အကြီးတန်း)၊ မောင်မြန်မာ(အငယ်တန်း)နှင့် မယ်မြန်မာ(အလွတ်တန်း)ပြိုင်ပွဲများပါဝင်သည်။ မောင်မြန်မာ(အကြီးတန်း)ပြိုင်ပွဲအတွက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး မောင်မြန်မာ(အငယ်တန်း)ပြိုင်ပွဲအတွက် အဖွဲ့ချုပ်ကကြီးမှူးကျင်းပခဲ့သော မောင်မြန်မာ(အကြီးတန်း) ပြိုင်ပွဲများ၊ အိုလံပစ်နေ့ အထိမ်းအမှတ် အကြီးတန်းမောင်ပြိုင်ပွဲများ၊ (ကြည်း၊ရေ၊လေ) မောင် အကြီးတန်းတံခွန်စိုက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိဖူးသူများ၊ မောင်မြန်မာ(အငယ်တန်း)ပြိုင်ပွဲတွင် ပထမရရှိဖူးသူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုပါ။ မယ်မြန်မာ(အလွတ်တန်း)ပြိုင်ပွဲအတွက် အရပ် ၅ ပေ ၃ လက်မနှင့် အထက်ရှိပြီး အသက် (၁၆)နှစ်မှ(၃၀)နှစ်အတွင်း အိမ်ထောင်မရှိသူ (အပျို) မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။**

### စာရင်းပေးသွင်းနိုင်

**ပြိုင်ပွဲဝင်လိုသူများသည် ဒီဇင်ဘာ ၂၃ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်သန်း (ဌာနမှူး၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)နှင့် တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြည် (စခန်းတာဝန်ခံ၊ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့တော်စည်ပင်အားကစားစခန်း)ထံသို့ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)



**နှစ်ဖက်မိဘများအားအမှူးထား၍ ဗိုလ်ချုပ်ဈေးအနောက်(အေ)ရုံ အမှတ် ၂၉၀/၂၉၂ ရွှေယမင်းစတိုးမှ ဦးထွန်းဦး-ဒေါ်ရီရီဝင်း၊ သား စိုးဝဏ္ဏဦး မိသားစုက ဦးထွန်းဦး၏ မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်အလှူငွေကျပ်နှစ်သိန်းကို အောက်တိုဘာ ၂၈ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေက လက်ခံယူစဉ်။**

(က-ပ)



## ဖျာပုံ ကန်တော်ကြီးရေကန်မှ သောက်သုံးရေပေးဝေနိုင်ရေး ရေပိုက်လိုင်း သွယ်တန်း၊ ရေကန်တည်ဆောက်

**ဖျာပုံ ဒီဇင်ဘာ ၈**

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့လူထုအား ကန်တော်ကြီးရေကန်မှ သောက်သုံးရေပေးဝေနိုင်ရေး အတွက် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် အတွင်းတွင် ရေပိုက်လိုင်းပေ၁၆၆၀သွယ်တန်းခြင်းနှင့် ဂါလန်၈၀၀ဆံ့ ရေကန်အလုံး၂၀ တည်ဆောက်မည်ဖြစ်သည်။

**ဆောင်ရွက်မည်**

၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်းတွင် ကျန်လုပ်ငန်းများဖြစ်သော ရေပိုက်လိုင်း ပေ၅၇၇၀သွယ်တန်းခြင်း၊ အင်ဂျင်တစ်စုံနှင့် မော်တာတစ်စုံ တပ်ဆင်ခြင်း၊ ရေစက်ရုံ တစ်ရုံ တည်ဆောက်ခြင်း၊ ထရန်စဖော်မာတစ်လုံးတည်ဆောက်ခြင်း၊ ဓာတ်အားလိုင်း ပေ၂၂၀၀သွယ်တန်းခြင်းနှင့် ကလိုရင်းခပ်စက် ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်သည်။

**ကြီးကြပ်ဆောင်ရွက်ပေး**

ယခုအခါတွင် ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေကန်တည်ဆောက်ခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ရာ ဒီဇင်ဘာ၅ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)အင်ဂျင်နီယာဌာနညွှန်ကြားရေးမှူးဦးလှသိန်းအောင်၊ ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ထွန်းတို့က ရေကန်တည်ဆောက်ခြင်းလုပ်ငန်းကို ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။**(အပေါ်ဝဲပုံ)** (၁၅၈)

## ချမ်းအေးသာစံ ရွှေလင်းရောင် စာကြည့်တိုက်ဖွင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ကျင်းပ

မန္တလေး ဒီဇင်ဘာ ၁၀

**မန္တလေး ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပါတ်ကုန်းဝန်းကျင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး ရွှေလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၄ရက် နံနက်၁၁နာရီက အဆိုပါစာကြည့်တိုက်တွင် ကျင်းပသည်။**

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ကိုယ့်အားကိုယ်ကိုး ရွှေလင်းရောင်စာကြည့်တိုက်ကိုမြို့နယ် ဥက္ကဋ္ဌ ဦးသက်နိုင်ဦးက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် ဟောပြောပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးသက်နိုင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိန်မြက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် စာကြည့်တိုက်ရေရှည်တည်တံ့စေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် ဆွေးနွေးပြောကြား သည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ကိုယ့်အားကိုယ်ကိုး ရွှေလင်းရောင်စာကြည့်တိုက်အတွက် မဂ္ဂဇင်းစာအုပ်မျိုးစုံ ၅၀အား မြို့နယ် ဦးစီးမှူး ဦးစိန်မြက ပေးအပ်လှူဒါန်းရာ ပါတ်ကုန်းဝန်းကျင် ရပ်ကွက်ဥက္ကဋ္ဌ ဦးကြည်မောင်က လက်ခံရယူသည်။

**လေ့လာကြည့်ရှု**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ရွှေလင်းရောင် စာကြည့်တိုက်အတွင်းရှိ သုတ၊ ရသစာအုပ်များနှင့် ခင်းကျင်းပြသထားသော နံရံကပ်စာစောင် မှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေ ကြို့ပင်ကောက်မြို့နယ် သိုက်တူးကုန်းကျေးရွာတွင် ကျေးလက်အိမ်ရာ ဆောက်လုပ်ပြီးစီးမှုကို စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးအောင် ရှင်းလင်းတင်ပြစဉ်။** (၀၄၀)



## မတ္တရာမြို့နယ် ကျေးရွာစာကြည့်တိုက်ဖွင့်

**မတ္တရာ ဒီဇင်ဘာ ၁**

မတ္တရာမြို့နယ် ရွှေးစုကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ရက် နံနက်၉နာရီက အဆိုပါကျေးရွာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးတွင် ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ယာယီဦးစီးမှူး ဒေါ်မေသူမြင့်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကံထူးတို့က စာကြည့်တိုက်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံ ကျွမ်းကျင်(၃) ဒေါ်ဆွေဆွေတင့်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပြန်ကြားရေးဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကစာအုပ် ၅၀၊ သပြေပင်ဆရာတော် ဦးခမ္မသာရက စာအုပ်၆၃အုပ်၊ ဦးဌေးဝင်း-ဒေါ်ခင်မာအေးတို့က စာအုပ်၂၀၊ ရွှေးစုကျောင်းဆရာတော် ဦးဂါရဝကစာအုပ် ၈၀၊ဦးကံထူး-ဒေါ်လှကြွေတို့ကစာအုပ် ၁၀အုပ်၊ ဦးအောင်ကျော်-ဒေါ်နွဲ့ရီတို့က စာအုပ်၁၀အုပ်တို့ကို ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## စိမ့်စမ်းရေသွယ် အုတ်ရေကန်တည်ဆောက်

**လားရှိုး ဒီဇင်ဘာ ၈**

လားရှိုးမြို့နယ် နောင်ဖော့ကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း စိမ့်စမ်းရေသွယ်ခြင်းနှင့် ဂါလန် ၅၀၀၀ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း လုပ်ငန်းကို ငွေကျပ်သိန်း ၄၀ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ရာ ဒီဇင်ဘာ ၇ရက်က အမှုဆောင်အရာရှိ ဦးမျိုးနိုင်အောင်နှင့် ကျေးရွာတာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးကြသည်။ **(အောက်ပုံ)**

**ဝမ်းသာလျက်ရှိ**

နောင်ဖော့ကျေးရွာသည် အိမ်ခြေ ၈၀ ကျော်ရှိပြီး စိမ့်စမ်းရေထွက်မှ တစ်နာရီဂါလန်၂၅၀၀ခန့်ထွက်ရှိသောကြောင့် သောက်သုံးရေဖူလုံစွာ ရရှိသဖြင့် ကျေးရွာနေ ပြည်သူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**



## ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အထောက်အကူပြုဆွေးနွေးပွဲ ပုသိမ်ကြီးတွင်ဖွင့်

**ပုသိမ်ကြီး ဒီဇင်ဘာ ၁**

ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးကြပ်၍ မြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ပေါင်း၁၃၈ခုကို မြို့နယ်လုံးကျွတ်အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ အဆိုပါ ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အထောက်အကူပြုဆွေးနွေးပွဲ အမှတ်စဉ်(၅/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက် ၁၀ နာရီက ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

**လက်တွေ့ရှင်းလင်းပြသ**

ရှေးဦးစွာ ဆွေးနွေးပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းမြင့်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင်ဦးစီးအရာရှိ ဦးမျိုးမြင့်က ပြန်ကြားရေးဝန်ကြီးဌာနအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ညွန့်ညွန့်က စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးကို လည်းကောင်း၊ စာကြည့်တိုက်လက်ထောက် (၃) ဒေါ်ခင်စိမ်းဝင်းက စာအုပ်များ မျိုးတူစုခွဲခြင်းနှင့် စာကြည့်တိုက် ပညာရပ်များကိုလည်းကောင်း လက်တွေ့ရှင်းလင်းပြသကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်



### ကြီးကြပ်ဆောင်ရွက်

**ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော သနပ်ကွင်း-နောင်ဘိုကျေးရွာဆက် မြေသားလမ်း ဖောက်လုပ်မှုကို အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ထွန်းတို့ စက်ယန္တရားများဖြင့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

## (၈၆)ကြိမ်မြောက် သွေးလှူဒါန်း



**ရန်ကုန် ဒီဇင်ဘာ ၁၂**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနမှ စက်ခန်းမှူး(ပ) လုပ်ငန်းထူးချွန် ဒုတိယဆင့် ဦးမောင်မောင်အေး **(အပေါ်ပုံ)** သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် ဒီဇင်ဘာ ၁ ရက်က (၈၆) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

## မော်လမြိုင်ကျွန်းမြို့ နာရေးကူညီမှုအသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်း

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၉**

မော်လမြိုင်ကျွန်းမြို့ နာရေးကူညီမှုအသင်းသို့ အလှူငွေများပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ မဟာဗန္ဓုလ ၁ လမ်းထိပ်ရှိ နာရေးကူညီမှုအသင်းရုံးခန်းမ၌ ကျင်းပသည်။

**လက်ခံရယူ**

အခမ်းအနားတွင် ဗဟန်းမြို့နယ် အမှတ် ၂၉(အက်ဖ်)နတ်မောက်ရိပ်သာလမ်း ကုက္ကိုင်းနေ ဒေါက်တာမောင်သိန်း–ဒေါ်ခင်ဌေးမြင့်မိသားစုက အလှူငွေကျပ် ငါးသောင်းနှင့် လသာမြို့နယ် အမှတ် (၁၀၃)၊ ၂၂ လမ်း ပထမထပ်နေ ဦးသောင်းညွန့်–ဒေါ်တူပို့မိသားစုက အလှူငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ မော်လမြိုင်ကျွန်းမြို့ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးတုပ်(ခ) ဦးလှရွှေက လက်ခံရယူသည်။ **(အောက်ယာပုံ)**

**ဆက်သွယ်လှူဒါန်းနိုင်**

အနယ်နယ်အရပ်ရပ်မှ ပါဝင်လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဦးအောင်ထိန် ရုံးအဖွဲ့မှူး နာရေးကူညီမှုအသင်း မော်လမြိုင်ကျွန်းမြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဝ၉၇)**



## သုံးခွမြို့နယ် ကျေးရွာစာကြည့်တိုက်ဖွင့်

**သုံးခွ ဒီဇင်ဘာ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ဆယ်ရွာစုပြကျေးရွာ ပညာမြင့်မိုရ်စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၅ ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးချင်းစိန်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ရီနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**သိကောင်းစရာများရှင်းလင်း**

အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲတွင် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ရီက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ရွှေက ကျေးရွာပညာပဒေသာအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားသည်။

**စာအုပ်မျိုးစုံလှူဒါန်း**

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) ဒုတိယရဲမှူးချင်းစိန်က ဒို့ကျေးရွာဂျာနယ် အတွဲ(၂) အုပ် ၂၀ နှင့် စာအုပ်မျိုးစုံ ၅၇ အုပ် ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

## ပညာမွန်ကျောင်း တရားစခန်းဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ပဲခူးမြို့ ဥသာမြို့သစ် ရန်ကုန်–မန္တလေး လမ်းမရှိ ပညာမွန်ကျောင်းတိုက်အတွင်း၌ စတုတ္ထအကြိမ်မြောက် ခုနစ်ရက် ဝိပဿနာတရားအားထုတ်ပွဲကို ဒီဇင်ဘာ၂၅ရက်မှ၃၁ရက်အထိ ကျင်းပမည်ဖြစ်ရာ ပညာမွန်ဆရာတော် ဘဒ္ဒန္တပညာသာမိ (ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ)က လယ်တီညောင်လေးပင်တောရ မိုးကုတ်စသော ဆရာတော်ကြီးများ၏ ဥပနိဿယကို ခံယူကာ ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့်သတိပဋ္ဌာနဒေသနာ ဝိပဿနာ အလုပ်ပေးတရားတော်များကို အခြေခံမှစ၍ ဟောပြောပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသူများ ဒီဇင်ဘာ ၂၃ရက် နောက်ဆုံးထား၍ ဖုန်း–၀၅၂–၂၂၁၀၂သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**



## မြန်မာဗီဒီယိုဇာတ်ကား ၁၃ ကား ဖြန့်ချိပြသမည်
## ကျော်ဟိန်း၊ ကျော်သူ၊ လူမင်း၊ ရဲအောင်တို့ဇာတ်ကားများပါဝင်

**မောင်ဆွေထွန်း**

ရန်ကုန် ဒီဇင်ဘာ ၁၂

**ယခုအပတ် ဒီဇင်ဘာ ၁၃ ရက်မှစ၍ တစ်ပတ်အတွင်းဖြန့်ချိပြသရန် မြန်မာဗီဒီယိုဇာတ်ကား ၁၃ ကားပြသမည်ဖြစ်ရာ ကျော်ဟိန်း၊ ကျော်သူ၊ လူမင်း၊ ရဲအောင်နှင့် ဝေဠုကျော်တို့၏ဇာတ်ကားများ ပါဝင်သည်ကို တွေ့ရသည်။**

မဏိရွှေစင် ဗီဒီယိုမှ ဒါရိုက်တာကျော်ဇ ရိုက်ကူး၍ ရဲအောင်၊ ဝေဠုကျော်၊ ခိုင်နှင်းဝေ၊ မိုးပြည့်ပြည့်မောင်တို့ပါဝင်သော **တစ်ချိန်တုန်းကဘဦး** ဇာတ်ကား။ စူပါနိုင်းဗီဒီယိုမှ ဒါရိုက်တာအာရုံသစ်ရိုက်ကူး၍ ကျော်ဟိန်း၊ ရဲအောင်၊ ခင်သီတာထွန်းနှင့် မို့မို့မြင့်အောင်တို့ ပါဝင်သော **ရင်ကိုတည့်တည့်ထိမှန်သည်**ဇာတ်ကား။ မျက်ခြယ် ဗီဒီယိုမှ ဒါရိုက်တာ ကျော်ဇောလင်းရိုက်ကူး၍ လူမင်း၊ မိုးဒီ၊ ပွင့်နှင့် ချိုပြုံးတို့ပါဝင်သော **မိုးလောက်ကြီးချစ်တယ်** ဇာတ်ကား။

ကောင်းသစ္စာဗီဒီယိုမှ ဒါရိုက်တာ ကုသိုလ်ရိုက်ကူး၍ ဖြိုးငွေစိုး၊ ဆုပန်ထွာတို့ပါဝင်သော **ကြိုးတစ်ချောင်း၏ သိက္ခာတရား** ဇာတ်ကား။ မိဘမေတ္တာဗီဒီယိုမှ ဒါရိုက်တာ မင်းအေးထွန်းရိုက်ကူး၍ ညီညီမင်းထက်၊ အောင်မျိုးခိုင်နှင့် ဇာခြည်ဗို တို့ပါဝင်သော **ဘုံဘဝ** ဇာတ်ကား။ ကျော်ကျော်ဦးဗီဒီယိုမှ နေလင်းဦး၊ ပန်ဆုပြည့်ကျော်တို့ပါဝင်သော **ကျားကိုခွင်းတဲ့မြား** ဇာတ်ကား။

ရှမ်းလေး ဗီဒီယိုမှ ဒါရိုက်တာ မောင်သိန်းနိုင် ရိုက်ကူး၍ မြင့်သန္တာစိုး၊ မောင်မာန် တို့ပါဝင်သော **လူပုလေးတို့ကတဲ့ပွဲ** ဇာတ်ကား။ ကြောင်ကမ္ဘာဗီဒီယိုမှ ဒါရိုက်တာကိုမျိုးထူးရိုက်ကူး၍ နေမျိုးအောင်၊ ကျော်ဇောဟိန်း၊ မျိုးစန္ဒီကျော်တို့ ပါဝင်သော **စိတ်မဝင်စားဘူး** ဇာတ်ကား။



**ဒါရိုက်တာ ကိုမျိုးထူးရိုက်ကူး၍ နေမျိုးအောင်၊ မျိုးစန္ဒီကျော်တို့ပါဝင်သော 'စိတ်မဝင်စားဘူး' ဇာတ်ကားမှ သရုပ်ဆောင်ဟန်။**

ဇမ္ဗူတလူဗီဒီယိုမှ ဒါရိုက်တာ အောင်ဩဘာရိုက်ကူး၍ မင်းအုပ်စိုး၊ လှအဥ္ဇလီတင့်နှင့် ပွင့်နဒီမောင်တို့ ပါဝင်သော **သုံးပုံတစ်ပုံ** ဇာတ်ကား။ အောင်ဗီဒီယိုမှ ဒါရိုက်တာဘစိုးတင့်နှင့် ချိုင်းရှိန်ရိုက်ကူး၍ကျော်သူ၊ ခိုင်နှင်းဝေတို့ပါဝင်သော **လက်ကိုင်ပဝါ၊ ရေခဲအိမ် (၁)၊ ရေခဲအိမ်(၂)** ဇာတ်ကား။ လပ်ကီးဆဲဗင်းဗီဒီယိုမှ ဒါရိုက်တာ ဗဟိန်းသန်းရိုက်ကူး၍ အောင်ပိုင်၊ ကျော်ဇောဟိန်း၊ စိုင်းသီဟ၊ သဇင်ညီညီတို့ ပါဝင်သော **မင်းထက်မိုက်တဲ့ငါ** ဇာတ်ကား။ စိန်ငွေးဗီဒီယိုမှ ဒါရိုက်တာ မောင်နန္ဒရိုက်ကူး၍ တြိဂို၊ မေသန်းနုနှင့် ကြည်လဲ့လဲ့ဦးတို့ ပါဝင်သော **အခမ်းအနားဆုံး** ဇာတ်ကား။ မင်းသူအောင်ဗီဒီယိုမှ ဒါရိုက်တာ လင်းထက် ရိုက်ကူး၍ ကျော်ဇောဟိန်း၊ ထက်ထက်ခိုင်တို့ပါဝင်သော **အပြင်းစား မုန်တိုင်း** ဇာတ်ကားတို့ ဖြန့်ချိမည်ဖြစ်သည်။ ။

**(မြန်မာ့အလင်း)**



**'ပြုံးတော်မူ' ဇာတ်ကားမှ ဒွေး၏ခံစားမှုပုံရိပ်။**



**ဒါရိုက်တာ မောင်နန္ဒ ရိုက်ကူးသော 'အခမ်းနားဆုံး' ဇာတ်ကားမှ တြိဂို၊ မေသန်းနုတို့၏ သရုပ်ဆောင်မြင်ကွင်း။**



## ပြုံးတော်မူဇာတ်ကား ရုံတင်ပြသ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရွှေကိန္နရီ ဗီဒီယိုမှ ဒါရိုက်တာကုသိုလ်ရိုက်ကူး၍ ဒွေး၊ အိန္ဒြာကျော်ဇင်၊ မြင့်မြင့်ခင်၊ အောင်ခိုင်၊ မော့စ်၊ ခင်လှိုင်တို့ပါဝင်သော **'ပြုံးတော်မူ'**အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားကို နဝဒေး၊ ရွှေမန်း၊ စံပြ၊ သီတာ၊ မြရတနာရုံများတွင် ဒီဇင်ဘာ ၁၀ ရက်ကစ၍ ရုံတင်ပြသနေပြီ ဖြစ်သည်။

**(မြန်မာ့အလင်း)**

**'သုံးပုံတစ်ပုံ' ဇာတ်ကားမှ မင်းအုပ်စိုးနှင့် လှအဥ္ဇလီတင့်တို့၏ သရုပ်ဆောင် အမူအရာ။**

# ပြည်သူများ၏အမျိုးသားရေးအသိအမြင် အစဉ်နိုးကြားမြင့်မားစေရေး စာပေစွမ်းပကားဖြင့်စွမ်းဆောင်
# နိုင်ငံတော်နှင့်ပြည်သူများ၏အကျိုးစီးပွား မြန်မာစာပေ၏အစဉ်အလာကောင်းများဖြင့်စောင့်ရှောက်မြှင့်တင်
# မြန်မာ့ယဉ်ကျေးမှုနှင့်ဖီလာဆန့်ကျင်သောဓလေ့စရိုက်များ ဝင်ရောက်ထိုးဖောက်လွှမ်းမိုးနေမှုကိုတွန်းလှန်

ရန်ကုန် ဒီဇင်ဘာ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုနှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အမှာစကားပြောကြားပြီး အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရ စာပေပညာရှင်များအား ဆုများပေးအပ်ချီးမြှင့်သည်။



### ဆုနှင်းပွဲတက်ရောက်

အဆိုပါဆုနှင်းသဘင်အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ *စာမျက်နှာ ၇ ကော်လံ ၁* ✻

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာကြီးဦးဌေးမောင်(ဌေးမောင်)အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရ မြင်းမူမောင်နိုင်မိုးအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

## အမျိုးသားစာပေသည် အလွန်တန်ဖိုးကြီးမားသော ဘိုးဘွားအမွေအနှစ်ဖြစ်

- ❒ အမျိုးသားယဉ်ကျေးမှု၏ ရေသောက်မြစ်ကြီးသဖွယ်ဖြစ်သည့် အမျိုးသားစာပေ အားကောင်းမောင်းသန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးချီးမြှင့်မှု အစီအမံများကို နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ် စီမံဆောင်ရွက်ပေးလျက်ရှိ၊
- ❒ မြန်မာလူမျိုးတို့ ခေတ်အဆက်ဆက်ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်လာခဲ့သည့် အမျိုးသားယဉ်ကျေးမှု အမွေအနှစ် အစုအဝေးထဲတွင် အမျိုးသားစာပေသည် အလွန်တန်ဖိုးကြီးမားသောဘိုးဘွားအမွေအနှစ်ဖြစ်၊
- ❒ မြန်မာ့သမိုင်း၏ကောင်းမြတ်သောအမျိုးသားရေးအမွေခံကောင်းများကို ကြွယ်ဝလှသော မြန်မာစာပေ လက်ရာမွန်များထဲတွင် မှတ်တမ်းကမ္ပည်းရေးထိုးထား။

## ရခိုင်ပြည်နယ်အတွင်း ၃၁ စင်းမြောက် သံသမကြီးတံတားဖွင့်လှစ်
## ခေတ်အဆက်ဆက်ရေလမ်းအားကိုးနေရမှုမှလွန်မြောက်ပြီ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ရန်ကုန်-ကျောက်ဖြူကားလမ်းမကြီးပေါ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၃)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် သံသမကြီးတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်အမှာစကားပြောကြားပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

### တံတားဖွင့်ပွဲတက်ရောက်

သံသမကြီးတံတားဖွင့်ပွဲအခမ်းအနားသို့ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ကျောက်ဖြူတပ်နယ်မှ ဗိုလ်မှူးကြီးအောင်သော်၊ ဒေသဆိုင်ရာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဆင့်ဆင့်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ၊ ရခိုင်ရိုးရာစည်တော်အဖွဲ့၊ အကအဖွဲ့နှင့် ဘင်ခရာအဖွဲ့တို့မှ အဖွဲ့ဝင်စုစုပေါင်းအင်အား ၂၀၀၀ ကျော် တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် *စာမျက်နှာ ၆ ကော်လံ ၁* ■

## အာဆီယံတိုက်ဂါးဖလားအုပ်စု(ခ)ပွဲစဉ်
## မြန်မာက မလေးရှားကိုအနိုင်ရရှိ

**သတင်းဆောင်းပါး - ကိုဌေး**

**ရန်ကုန် ဒီဇင်ဘာ ၁၂**

(၅)ကြိမ်မြောက် အာဆီယံတိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို ယနေ့ညနေပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ဘူကစ်ဂျာလီအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

ပထမပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် အရှေ့တီမောအသင်းတို့ ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ပထမပိုင်း၌ ထိုင်းအသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်ကစားနေသည်။ ဒုတိယပိုင်းတွင် ထိုင်းအသင်းက ခြောက်ဂိုး ထပ်မံသွင်းယူသဖြင့် ဂိုးပြတ်အနိုင်ရရှိသွားခြင်းဖြစ်သည်။

### မြန်မာအနိုင်ရ

ဒုတိယပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အိမ်ရှင်မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် *စာမျက်နှာ ၁၃ ကော်လံ ၁* ●



**မြန်မာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သူ အသင်းခေါင်းဆောင်စိုးမြတ်မင်းအား ကစားဖော်များက ဤသို့ ဂုဏ်ပြုခဲ့ကြသည်။** (ဓာတ်ပုံ-အင်တာနက်)